# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၉) ရက် ၊ အင်္ဂါနေ့ ၊ (7-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၉၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း(MARUMEX) ပြုလုပ်ရန်ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့မှ Russian Pacific Fleet စစ်ရေယာဉ်အုပ်စုက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့နံနက်ပိုင်းတွင် ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း 1th MYANMAR - RUSSIA MARITIME SECURITY EXERCISE (MARUMEX) ပြုလုပ်ရန် ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A. EVMENOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မှ Russian Pacific Fleet စစ်ရေယာဉ်အုပ်စုက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITTတံတားသို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


**Myanmar Mobile Money(MMM) တို့အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

Myanmar MOBILE MONEY anywhere anytime anyone

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။




ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာတောကျေးရွာ၊ ပျဉ်းမနားမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၁၂ ခုနှစ် နိုဝင်ဘာ ၇ ရက်
အယ်ဒီတာ့အာဘော်

# Online မှ ငွေကြေးလိမ်လည်မှုများ ကင်းဝေးစေရေး

ယနေ့ခေတ်တွင် **Online** မှတစ်ဆင့် ငွေကြေးလိမ်လည်မှုအများအပြားရှိသည့်အနက် ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ အသုံးပြု၍ ငွေကြေးလိမ်လည်မှုများသည် မကြာခဏဖြစ်ပွားလာသော လိမ်လည်မှုအဖြစ်ရောက်ရှိနေပြီဖြစ်သည်။

ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ အသုံးပြု၍ ငွေကြေးလိမ်လည်မှုဆိုင်ရာကိစ္စရပ်များကို ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အများပြည်သူသို့ အသိပညာပေးရေးဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ငွေကြေးလိမ်လည်မှုများကို အချိန်မီ တားဆီးနိုင်ရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန်အတွက် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်ကော်မတီက ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် ငွေကြေးခဝါချမှု၊ ငွေကြေးလိမ်လည်မှုနှင့် အဂတိလိုက်စားမှုတွင် ပါဝင်သည့် ငွေကြေးဆိုင်ရာပြစ်မှု၊ **Online** အသုံးပြုလိမ်လည်မှုဖြစ်သော ဆိုက်ဘာပြစ်မှု၊ အကြမ်းဖက်မှုတို့သည် ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှု အဆင့်အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရသည်။

ဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့်စပ်လျဉ်း၍ တားဆီးကာကွယ်ရန် သတင်းအချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ်အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးလုပ်ငန်းများအနေဖြင့် အကောင်အထည်ဖော်လိုက်နာဆောင်ရွက်ရေး၊ ငွေကြေးလိမ်လည်မှုများ အချိန်မီတားဆီးနိုင်ရေး၊ အရေးယူမြန်ဆန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် ငွေကြေးလိမ်လည်မှုဆိုင်ရာ အသိပညာပေးအစီအစဉ်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ငွေကြေးလိမ်လည်မှုများ တားဆီးအရေးယူမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အနေဖြင့် ငွေကြေးလိမ်လည်မှုဖြစ်သည်နှင့်တစ်ပြိုင်နက် ချက်ချင်းထိရောက်စွာ တားဆီးဖော်ထုတ်အရေးယူဆောင်ရွက်နိုင်လေလေ၊ ပြည်သူများ ငွေကြေးဆုံးရှုံးမှု လျော့ပါးသက်သာနိုင်လေလေဖြစ်ပါမည်။

ထို့ပြင် အသိပညာပေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူလူထုတစ်ရပ်လုံး သိရှိနိုင်စေရန် ငွေကြေးလိမ်လည်မှုများကို ဖြစ်စဉ်တစ်ခုချင်းစီအလိုက် နမူနာထားပြီး ဝန်ဆောင်မှုပေးသူများ အစုအဖွဲ့၊ အသုံးပြုသူများ အစုအဖွဲ့၊ ဥပဒေစည်းမျဉ်းထိန်းကျောင်းသူများ အစုအဖွဲ့များမှ ရှင်းလင်းလွယ်ကူစွာ အသိပေးကြရမည်ဖြစ်သည်။

**Online** မှတစ်ဆင့် လောင်းကစားခြင်း၊ ငွေလိမ်လည်ခြင်းများ လုပ်ဆောင်နေသည်ကို တွေ့ရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်သည်။ ထိုသို့ ငွေကြေးလိမ်လည်နေသည့် အဖွဲ့အစည်းများကို သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များထံ လျှို့ဝှက်စွာ သတင်းပေးပို့ခြင်းများပြုလုပ်ကြခြင်းဖြင့် ရိုးသားသောပြည်သူများ၏ ငွေကြေးများ မဆုံးရှုံးစေရန် တစ်ဖက်တစ်လမ်းက ကူညီပေးခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ ဘဏ်နှင့်မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများအသုံးပြု၍ ငွေကြေးလိမ်လည်မှုဆိုင်ရာကိစ္စရပ်များကို ကြိုတင်ကာကွယ်တားဆီးနိုင်ခြင်း၊ အများပြည်သူသို့ အသိပညာပေးခြင်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ပါက **Online** ငွေကြေးလိမ်လည်ခံရခြင်းများ လျော့ပါးကင်းဝေးသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ဧရာဝတီမြစ်အတွင်း မင်းကွန်းဒေသအနီးတွင် ဧရာဝတီလင်းပိုင် ၁၇ ကောင် နေထိုင်ကျက်စားလျက်ရှိ



**မန္တလေး နိုဝင်ဘာ ၆**

ဧရာဝတီမြစ်အတွင်း မင်းကွန်းဒေသအနီးတွင် ဧရာဝတီလင်းပိုင် ၁၇ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်အတွင်း လင်းပိုင်ထိန်းသိမ်းရေး ဧရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြားတွင် ဧရာဝတီလင်းပိုင်များနေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဧရာဝတီလင်းပိုင်များ၏ ကျက်စားနေထိုင်သည့်နေရာကို အတိအကျသိရှိနိုင်ရန် တာဝန်ရှိသူများက နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက စက်လှေဖြင့် သွားရောက်ကြည့်ရှုရာ မင်းကွန်းဒေသအနီးတွင် နေထိုင်ကျက်စားလျက်ရှိသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်ထဲမှာ ရေတဖြည်းဖြည်း ကျဆင်းနေတာကြောင့် လင်းပိုင်တွေ အစာပေါတဲ့ နေရာတွေကို ပြောင်းရွှေ့နေထိုင်ကျက်စားကြတယ်။ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာထဲကို နိုဝင်ဘာ ၅ ရက် မနက်ပိုင်းက သွားကြည့်တော့ ဧရာဝတီလင်းပိုင်တွေ မင်းကွန်းဒေသအနီးမှာ ၁၇ ကောင် နေထိုင်ကျက်စားနေတာတွေ့ခဲ့ရတယ်"ဟု ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြသည်။

အောက်တိုဘာလ နောက်ဆုံးပတ်အတွင်းက ဧရာဝတီလင်းပိုင်များသည် ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် နေထိုင်ကျက်စားခဲ့ကြောင်း၊ ယခုအခါ ဧရာဝတီလင်းပိုင်များကို ကြည့်ရှုလိုသည့် ခရီးသွားများအနေဖြင့် မင်းကွန်းဒေသအနီးတွင် သွားရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ထို့ပြင် လင်းပိုင်ထိန်းသိမ်းရေးဧရိယာအတွင်း ကျေးရွာများရှိ ရေလုပ်သားများအနေဖြင့်လည်း လင်းပိုင်သားပေါက်များကို တွေ့ရှိပါက ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့သို့ အကြောင်းကြားပေးရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အောင်ပန်းဒေသမှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် အောင်ပန်းဒေသမှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ အောင်ပန်းဒေသထွက် အာလူးများသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းနေကြောင်း၊ ယခုလက်ရှိ အာလူးဈေးနှုန်းများမှာ အမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ ထိ ဈေးရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ အာလူးက အဓိကစိုက်ပျိုးတဲ့ အောင်ပန်းဒေသဘက်ကပဲ ထွက်ရှိပြီး ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသကထွက်ရှိတဲ့ အာလူးတွေကတော့ မရှိသေးပါဘူး။ အာလူးစိုက်ပျိုးတဲ့တောင်သူတွေက အခုနောက်ပိုင်းမှာ ရာသီဥတုအခြေအနေကြောင့် စိုက်တဲ့သူနည်းသွားပါတယ်။ တောင်ပေါ်ဒေသကပဲ ထွက်ရှိနေတာပါ။ အာလူးက အဝင်နည်းသွားပြီး ပစ္စည်းပြတ်လပ်နေတာကြောင့် အရောင်းအဝယ်တွေ ကောင်းနေတာပါ"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အာလူးများ အရောင်းအဝယ်ကောင်းနေခြင်းနှင့်အတူ အခြားကုန်စိမ်းသီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်ညင်းဖြူ၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ကုလားပဲနှင့် ထောပတ်ပဲ အရောင်းအဝယ်ကောင်းလာ

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ကုလားပဲနှင့် ထောပတ်ပဲ အရောင်းအဝယ် ကောင်းလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်းစသည့် ကုန်စည်များထဲတွင် ယခင်က ကုလားပဲနှင့် ထောပတ်ပဲအမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်သာရှိခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့် ထောပတ်ပဲအမျိုးအစားများကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာသဖြင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းလာကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနဲ့ ထောပတ်ပဲတွေ အရောင်းအဝယ် ကောင်းနေတဲ့အပြင် အခြား နှမ်း၊ ပဲကြီး၊ မတ်ပဲ စတဲ့ ကုန်စည်တွေလဲ အရောင်းအဝယ်ဖြစ်နေပါတယ်။ ကျန်တဲ့ ဂျုံ၊ ပဲတီစိမ်း စတဲ့ကုန်စည်တွေကတော့ အရောင်းအဝယ် ပုံမှန်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ ကုလားပဲ (V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၁၀၀၀၊ ကုလားပဲ (TW) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၆၀၀၀၊ ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊ နှမ်းနက် (စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် ကျိုက်ပုလဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက်ပုလဲကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျိုက်ပုလဲကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကျိုက်ပုလဲကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅၆ သိန်း စုစုပေါင်း ငွေကျပ် ၂၀၆ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိဝတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၈၂ လမ်းနှင့် ၁၀၂ လမ်းထောင့်နေ ဦးဝင်းမြင့်-ဒေါ်နီနီမင်း မိသားစုက ဒေါ်ကြည်ကြည်ဝင်းအားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်တို့က လက်ခံရယူစဉ်။

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၀၇၈၁၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၀၇၈၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၀၇၈၁၅ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပုသိမ်မြို့နယ်တွင် ၉၁၄၃၆ ဧက၊ သာပေါင်းမြို့နယ်တွင် ၆၈၂၉၇ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ဧက ၁၄၃၉၆၀၊ ငပုတောမြို့နယ်တွင် ၂၀၄၁၂၂ ဧက စုစုပေါင်း ၅၀၇၈၁၅ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုသိမ်ခရိုင်တစ်ခုလုံးအနေနဲ့ မိုးစပါး ၅၀၇၈၁၅ ဧကထိ စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးတွေကို ငပုတောမြို့နယ်နဲ့ ကန်ကြီးထောင့်မြို့နယ်တွေမှာ အများဆုံးစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ခရိုင်တစ်ခုလုံးအနေနဲ့ မိုးစပါးတွေ ဧကအားလုံးစိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့စပါးတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူတွေနဲ့ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၀၇၈၁၅ ဧကစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးအသင်းအဖွဲ့များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မော်လိုက်မြို့နယ် ညောင်ဝန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းတိုင်းတာ

**မော်လိုက် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် လောင်းကောင်းကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးကွင်းဆင်းတိုင်းတာခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ညောင်ဝန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်မြေပြင်အခြေအနေများနှင့် ပစ္စည်းများစုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ကြရန်၊ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ညောင်ဝန်းကျေးရွာ၌ အရှည်ပေ ၃၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၇၆သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**

# ရေနံချောင်းမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ အုတ်ရှစ်ကုန်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေနံချောင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အုတ်ရှစ်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အုတ်ရှစ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၆၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၅၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို ငွေကျပ် သိန်း ၅၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နှံ့ယဉ်**



# ကမ္ဘာ့အခမ်းနားဆုံးသော မော်တော်ကားပြပွဲကြီး (အပိုင်း-၁)

ပါမောက္ခကိုကိုအောင်




**Geneva International Motor Show 2015 ၌ ပြသထားသော Mercedes-Maybach 600**

၂၀၁၅ ခုနှစ်အတွင်းက ဆွစ်ဇာလန်နိုင်ငံ Foundation of the Geneva International Motor Show က ကြီးမှူးကျင်းပသည့် ၈၅ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲသို့တက်ရောက်ရန် ဖိတ်ကြားခြင်းခံခဲ့ရသဖြင့် ၂၀၁၅ ခုနှစ် ဥရောပ ခရီးစဉ်အတွင်း အဆိုပါပြပွဲကြီးကို တက်ရောက်လေ့လာနိုင်ရန် ခရီးတစ်ထောက်အဖြစ် ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိခဲ့သည်။

ကမ္ဘာ့အလှပဆုံးနိုင်ငံဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံသည် ဆီးနှင်းခဲများဖုံးလွှမ်းနေသော တောင်စဉ်တောင်တန်းများကြောင့် ကမ္ဘာ့အလယ်တွင် အလွန်ထင်ရှားသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံနှင့် ပတ်သက်၍ပြောဆိုဆွေးနွေးကြမည်ဆိုလျှင် မြို့တော်ဖြစ်သည့်ဘန်းကို လူသိနည်းပြီး ဂျီနီဗာမြို့ကိုသာလျှင် အများအားဖြင့် မှတ်မှတ်ရရသိရှိနေကြလေ့ရှိသည်။

ဂျီနီဗာမြို့သည် ပြင်သစ်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး အလွန်အေးချမ်းသာယာသော မြို့ပြတစ်ခုလည်းဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ အရေးကိစ္စအဝဝကို အဓိကထားပြီးဆောင်ရွက်နေသည့် ရုံးစိုက်ရာမြို့တစ်မြို့လည်းဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် နိုင်ငံခြားရေးဝန်ကြီးများသည် ဂျီနီဗာမြို့သို့ အလုပ်တာဝန်အသီးသီးဖြင့် ရောက်ရှိလာလေ့ရှိကြသည်။

ထိုအချက်သည်ပင်လျှင် ဂျီနီဗာမြို့ကို လူသိများစေသော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ အလားတူပင် ထိုမှတစ်ဆင့် ဂျီနီဗာမြို့ကို ကမ္ဘာ့အလယ်၌ ပို၍ထင်ရှားလာစေသော နောက်ထပ်အကြောင်းရင်းတစ်ရပ်မှာ ၁၉၀၅ ခုနှစ်မှစ၍ နှစ်စဉ် ခမ်းနားကြီးကျယ်စွာကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီးပင်ဖြစ်သည်။

ဂျီနီဗာမြို့ရှိ Palexpo Convention Complex တွင် ကမ္ဘာတစ်ဝန်း ထုတ်လုပ်ရောင်းချနေကြသော မော်တော်ကားအမှတ်တံဆိပ်မျိုးစုံနှင့်တကွ ဆက်စပ်အပိုပစ္စည်းများကို တစ်စုတစ်စည်းတည်းလေ့လာကြည့်ရှုနိုင်အောင် ဂျီနီဗာအပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီးကို ကျင်းပလာခဲ့သည်မှာ ၂၀၁၅ ခုနှစ်သည် ၈၅ ကြိမ်မြောက်ဖြစ်သည်။

ဂျီနီဗာမြို့တွင်ကျင်းပသော အဆိုပါမော်တော်ကားပြပွဲကြီးသို့ လာရောက်ကြည့်ရှုသူအများစုမှာ နိုင်ငံခြားသားများဖြစ်ကြပြီး အနည်းစုကသာလျှင် ဆွစ်လူမျိုးများဖြစ်ကြသည်။ နိုင်ငံခြားသားအများစုဟု ဆိုရာ၌ပင် စပိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဒိန်းမတ်၊ ဗြိတိန်၊ ဆွီဒင်၊ နော်ဝေ၊ ဖင်လန်၊ ဂရိ၊ ဩစတြီးယား စသော အနောက်ဥရောပနိုင်ငံများမှ အများဆုံးလာရောက်ကြပြီး အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ စသောနိုင်ငံများက ဒုတိယအများဆုံးလာရောက်လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ပိုလန်၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ဘီလာရုဇ်၊ လတ်ဗီးယား၊ လစ်သူယေးနီးယား စသော အရှေ့ဥရောပနိုင်ငံများကလည်း လာရောက်လေ့လာကြည့်ရှုကြသည်။ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကတိုက်နိုင်ငံများက ပြပွဲခန်းမ(၆) ထဲ၌ ပြသထားသော မော်တော်ကားများအနက် ပရိသတ်များစိတ်ဝင်စားခြင်းကို ခံရသည့် ကားတစ်မျိုးမှာ Jaguar အမှတ်တံဆိပ် F-Type R ပင်ဖြစ်သည်။ မြင်းကောင်ရေ ၅၅၀ စွမ်းအားရှိသော V8 အင်ဂျင်ကို တပ်ဆင်ထားသည့် F-Type သည် တံခါးနှစ်ပေါက်ပါ Coupe အမျိုးအစားဖြစ်ပြီး လေးဘီးယက်စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ Jaguar ပြခန်းထဲတွင် အဆိုပါကားပုံစံတူ နှစ်စီးကို ယှဉ်တွဲပြသထားပြီး တစ်စီးမှာ အမိုးဖွင့်ကားဖြစ်သည်။

ပြပွဲခန်းမ(၆) တွင် ပြသထားသော မော်တော်ကားအမှတ်တံဆိပ်များအနက် Citroen သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပြင်သစ်နိုင်ငံအပါအဝင် ဥရောပနိုင်ငံများ၌ အငှားယာဉ်(Taxi)အဖြစ် အလွန်အသုံးများသော Citroen အမှတ်တံဆိပ်သည် ယခုပြပွဲကြီး၌ ပုံစံသစ်ကားများဖြစ်ကြသော Berlingo နှင့် C4 Cactus Airflow တို့ကို အထူးတလည်ပြသထားသည်။ C4 Cactus Airflow သည် လေခွဲအားအထူးကောင်းမွန်အောင်တပ်ဆင်ထုတ်လုပ်ထားသော SUV အမျိုးအစားဖြစ်ပြီး ကီလိုမီတာ ၁၀၀ ခရီးတာကို လောင်စာဆီ နှစ်လီတာမျှသာကုန်ကျသည့်အတွက် လူကြီး၊ လူငယ်မရွေး နှစ်သက်လက်ခံနိုင်သော ကားတစ်မျိုးပင်ဖြစ်သည်။

Palexpo Convention Complex ပြပွဲခန်းမ (၆)ထဲ၌ တောင်ကိုရီးယားအခြေစိုက် Kiaမော်တော်ကားများကိုလည်းပြသထားပြီး အဆိုပါ Kia ပြခန်းနှင့်ကပ်လျက်၌ Infinity အမှတ်တံဆိပ် မော်တော်ကားပြခန်းကိုလည်း တွေ့ရှိရသည်။ ခရီးလမ်းကြမ်းများအတွက် အကြမ်းခံနိုင်သည့်ကားများကို တပ်ဆင်ထုတ်လုပ်နေသည့် Infinity သည် ယခုနှစ်ပြပွဲ၌ အမြင်ဆန်းသောကားတစ်စီးကို ထည့်သွင်းပြသထားသည်။

Land Rover Defender ကဲ့သို့ လေးထောင့်ကျကျပုံစံဖြစ်သည့် Hunter အမည်တပ် တံခါးသုံးပေါက်ပါ All Wheel Drive ကားကြီးကို ပြသထားခြင်းဖြစ်သည်။ အများသုံးစွဲနေကျပုံစံနှင့်မတူဘဲ ဘီးခြောက်ဘီးပါရှိပြီး ခြောက်ဘီးယက်စနစ်ဖြစ်သည့် Hunter သည် ကားနောက်ဘက်၌ သီးခြားစီတပ်ဆင်ထားသော ဘီးလေးဘီးရှိနေသည့်အတွက် နောက်ခန်း၌ လိုက်ပါစီးနင်းမည့်သူတို့သည် ကား၏ တတိယမြောက်တံခါးဖြစ်သော နောက်တံခါးပေါက်မှသာ အတက်၊ အဆင်းပြုလုပ်ကြရမည်ဖြစ်သည်။ သေနတ်ကျည်ဆန်မဖောက်နိုင်သော ယာဉ်ကိုယ်ထည်နှင့် မှန်များကို တပ်ဆင်ထားသည့် အဆိုပါကားသည် အရပ်ဘက်သုံးအနေဖြင့်သာမက စစ်ဘက်ဆိုင်ရာ ကိစ္စရပ်များအတွက်ပါ အလွန်အသုံးဝင်မည့် စွမ်းရည်မြင့် ကားတစ်စီးပင်ဖြစ်သည်။

ကမ္ဘာ့အရပ်ရပ်ရှိ ကားချစ်သူလူငယ်များ အလွန်နှစ်သက်ကြသည့် Mini အမှတ်တံဆိပ် မော်တော်ကားငယ်ကလေးများကိုလည်း ဤပြပွဲကြီး၌ မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြသထားသည်။ ကွဲပြားသော အရောင်အသွေးများဖြင့် ပြသထားသည့် Mini အမှတ်တံဆိပ် ကားငယ်ကလေးများကို ပြပွဲလာလူငယ်ပရိသတ်များက စိတ်ဝင်တစားလေ့လာကြည့်ရှုကြသည်။

ဂျီနီဗာအပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီးကျင်းပရာ Palexpo Convention Complex ၏ နောက်ဆုံးခန်းမကြီးဖြစ်သော ပြပွဲခန်းမ(၇) တွင် မော်တော်ကားများကို ပြသထားခြင်းမရှိဘဲ မော်တော်ကားနှင့် ဆက်စပ်ပတ်သက်သောပြခန်းများကိုသာ နေရာချထားပေးသည်ကို တွေ့ရှိရသည်။ အဆိုပါပြပွဲခန်းမ (၇) ထဲ၌ မော်တော်ကားသုံးချောဆီများနှင့် စက်မှုလုပ်ငန်းသုံး စက်ဆီ၊ ချောဆီများကို ခင်းကျင်းပြသထားသလို အဆိုပါထုတ်ကုန်ပစ္စည်းများ၏ အာနိသင်နှင့်စွမ်းဆောင်ရည်တို့ကိုလည်း ပရိသတ်များလွယ်လင့်တကူ လေ့လာကြည့်ရှုနိုင်အောင် စီစဉ်ပေးထားသည်။

မော်တော်ယာဉ်အင်ဂျင်နီယာတို့က ခေတ်သစ်နည်းပညာများဖြင့် ကြိုးစားပမ်းစားပုံစံထုတ်ကာ တပ်ဆင်ထုတ်လုပ်ပေးခဲ့ကြသော မော်တော်ကားအမှတ်တံဆိပ်အမျိုးမျိုးတို့၏ သွင်ပြင်လက္ခဏာအသီးသီးကို ထင်ထင်ရှားရှားမြင်တွေ့နိုင်သည့်အပြင် စေ့ငုသေချာစွာ လေ့လာကြည့်ရှုစူးစမ်းမေးမြန်းဆွေးနွေးအကြံပြုနိုင်သော အဆိုပါမော်တော်ကားပြပွဲကြီးသည် လာရောက်ခင်းကျင်းပြသသူများနှင့် တက်ရောက်လေ့လာကြည့်ရှုသူ နှစ်ဦးနှစ်ဖက်စလုံးကို အလွန်အကျိုးရှိစေသော ကမ္ဘာ့ကျော်ပြပွဲကြီးပင်ဖြစ်သည်။

ဂျီနီဗာအပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီး၏ ကြီးကျယ်ခမ်းနားမှုကို ထင်ဟပ်စေသော ကိန်းဂဏန်းအချက်အလက်တချို့အဖြစ် စားသောက်ဖွယ်ရာရောင်းချရမှုပမာဏကို လေ့လာသိရှိနိုင်သည်။ ပြပွဲကြီးကျင်းပသည့် ၁၁ ရက်တာကာလအတွင်း အစားအစာများချက်ပြုတ်ရန် ဟင်းသီးဟင်းရွက်ပမာဏ တန် ၄၀ ခန့်နှင့် အသားလွှာ တစ်တန်ခွဲကျော်ကို အသုံးပြုခဲ့ရသည်။ စားဖိုမှူး ဦးရေ ၉၀ တို့က နေ့စဉ်စီမံချက်ပြုတ်ပေးသော ဟင်းလျာခွက်ပေါင်း တစ်သောင်းကျော်ကို စားပွဲထိုး ဦးရေ ၄၀၀ တို့က အလျဉ်မီအောင် ဧည့်ခံကျွေးမွေးခဲ့ကြရသည်။

အဆာပြေစားသောက်ဖွယ်ရာ မုန့်တစ်မျိုးဖြစ်သော ဆင်းဒဝစ်(ချ်) အချပ်ရေ ၁၃၀၀၀၀ ကျော်နှင့်အတူ အချိုရည်ဘူးပေါင်း ၆၅၀၀၀၀ ခန့် ရောင်းချခဲ့ရသည်။ ယမကာများအနေဖြင့်လည်း ဘီယာဘူး ၈၀၀၀၀ ကျော်၊ ဂျီနီဗာဝိုင်ပုလင်းပေါင်း ၈၀၀၀ နှင့် ရှန်ပိန်အရက်ပုလင်း ၂၅၀၀ ကျော်ထိကိုပင် ပြပွဲလာပရိသတ်များက ဝယ်ယူသောက်သုံးခဲ့ကြသည်။

ဂျီနီဗာအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အလွန်နီးကပ်သော Palexpo Convention Complex ၏ တည်နေရာအနေအထားကလည်း ဂျီနီဗာမော်တော်ကားပြပွဲကြီးကို နိုင်ငံရပ်ခြားမှ ပရိသတ်အများအပြားလာရောက်လေ့လာနိုင်ရေးအတွက် အဓိကအထောက်အကူပြုပေးလျက်ရှိနေသည်။ အငှားယာဉ်ဝန်ဆောင်မှု၊ စာပို့လုပ်ငန်းဝန်ဆောင်မှု၊ ရင်ခွင်ပိုက်ကလေးငယ်စောင့်ရှောက်ခြင်းဝန်ဆောင်မှု၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှု စသည်တို့အပါအဝင် မော်တော်ကားပြပွဲလာ ပရိသတ်များအတွက် ရထားခသီးသန့်လျှော့ချပေးသည့်အစီအစဉ်များကိုလည်း စနစ်တကျထည့်သွင်းစီစဉ်ပေးထားသည်။

လုံခြုံရေးစောင့်ကြပ်မှုနှင့် အရေးပေါ်လိုအပ်ချက်များကိုကူညီပေးမည့် ရဲတပ်ဖွဲ့၏ ၂၄ နာရီ ဝန်ဆောင်မှု၊ ဘာသာစကားအခက်အခဲနှင့်တကွ ပြပွဲအတွင်းရှိ လိုအပ်ချက်အားလုံးကို ကူညီဖြေရှင်းမည့် Information Counter စသည်တို့ကလည်း အပြည်ပြည်ဆိုင်ရာပြပွဲကြီးတစ်ခု၏ အဆင့်အတန်းနှင့် လိုက်လျောညီထွေရှိနေကြပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# Hass အမျိုးအစား ထောပတ်သီးများ နိုဝင်ဘာလဒုတိယပတ်မှစ၍ ထိုင်းနိုင်ငံသို့ တင်ပို့မည်

**ရန်ကုန် နိုဝင်ဘာ ၆**

ယခုနှစ် ထောပတ်သီးရာသီဖြစ်သည့် နိုဝင်ဘာလဒုတိယပတ်မှစ၍ မြန်မာနိုင်ငံမှထွက်ရှိသည့် Hass အမျိုးအစား ထောပတ်သီးများကို ထိုင်းနိုင်ငံသို့ တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်စိုးမင်းက ပြောပြ၍ သိရသည်။





ယခုနှစ် ထောပတ်သီးရာသီတွင် ထိုင်းနိုင်ငံသို့ အဓိကတင်ပို့သွားမည်ဖြစ်ပြီး ပြည်ပသို့တင်ပို့သည့် Hass အမျိုးအစားထောပတ်သီးရင့်မှည့်ချိန်သည် နိုဝင်ဘာလဖြစ်သည့်အတွက် နိုဝင်ဘာလဒုတိယပတ်မှစတင်ကာ တင်ပို့သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပသို့တင်ပို့သည့် Hass အမျိုးအစားထောပတ်သီးသည် တစ်ကီလိုလျှင် ကြမ်းခင်းဈေး မြန်မာငွေကျပ် ၆၀၀၀ မှ ၁၀၀၀၀ ထိ မှန်းထားကြောင်း သိရသည်။

"ရာသီအစမှာ ကြမ်းခင်းဈေးတွေကတော့ တစ်မျိုးနဲ့တစ်မျိုး မတူပါဘူး။ ဥပမာ အမရာဆိုရင် တစ်ကီလိုကို မြန်မာငွေကျပ် ၅၀၀၀ က အများဈေးပေါ့။ စားတဲ့သူဆို ငွေကျပ် ၈၀၀၀ လောက် ပေးစားရမှာပေါ့။ ဘာကေးနီးယားဆိုရင် တစ်ကီလိုကို မြန်မာငွေကျပ် ၄၀၀၀ ပေါ့။ ကျွန်တော်တို့ Export လုပ်မဲ့ Hass ကတော့ ကြမ်းခင်းဈေး တစ်ကီလိုကို မြန်မာငွေကျပ် ၄၀၀၀ လောက်တော့ ဖွင့်ထားပေးတယ်ပေါ့။ တစ်ကီလိုကို ငွေကျပ် ၄၀၀၀ ဆိုတာက အကုန်လုံးကို ယူတဲ့ဈေးပါ။ ဒါက ပြီးခဲ့တဲ့လက ဖွင့်ထားတဲ့ဈေး။ အခု ရာသီစပြီဆိုတော့ ကြမ်းခင်းဈေး ငွေကျပ် ၆၀၀၀ ကနေ ၁၀၀၀၀ ကြားကို မှန်းထားတယ်"ဟု ဦးကျော်စိုးမင်းက ပြောပြသည်။

ယခုနှစ် ပြည်တွင်း ထောပတ်သီးရာသီအစသည် ပြီးခဲ့သည့်နှစ် ထောပတ်သီးရာသီ အဖွင့်ထက် ဈေးကွက်ကောင်းနိုင်ကြောင်း၊ ပြီးခဲ့သည့်နှစ် ထောပတ်သီးရာသီတွင် ထောပတ်သီး တစ်ကီလိုလျှင် ငွေကျပ် ၂၅၀၀ မှ ၄၀၀၀ ထိသာ ဈေးရရှိခဲ့ပြီး ယခုနှစ်တွင် ကြမ်းခင်းဈေးသည် ငွေကျပ် ၅၀၀၀ ထိ ဖြစ်ပေါ်နေကြောင်း သိရသည်။ ASH

# ဒေးဒရဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၇၆၅၃၀ စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ဒေးဒရဲ နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၇၆၅၃၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၇၆၅၃၀ စိုက်ပျိုးရန် လျာထားပြီး လာမည့် ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် လျာထားစပါးဧကများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများ၊ မြေဆီလွှာပြုပြင်သည့်လုပ်ငန်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"အခု ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စပါးစိုက်ဖို့ တောင်သူတွေက လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ကလဲ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့စိုက်ပျိုးရေး လမ်းညွှန်ချက်တွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ မြေဩဇာတွေစနစ်တကျအသုံးပြုတတ်စေဖို့နဲ့ အစားထိုးမြေဩဇာတွေလုပ်ဆောင်အသုံးပြုတတ်စေဖို့ နည်းပညာတွေကိုလဲ ပို့ချပေးနေပါတယ်။ အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စပါးကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဖို့ လုပ်ဆောင်နေပါတယ်။ အခုနှစ်မှာ စပါးကို တစ်ဧကတင်း ၁၀၀ အထက်ထွက်ရှိစေဖို့ ဆောင်ရွက်သွားမှာပါ"ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးသွားမည့် စပါးအမျိုးအစားများမှာ ဧည့်မထ၊ ရက် ၉၀၊ သီးထပ်ရင်၊ GW-11၊ မင်းရော၊ ပန်းစသည့် စပါးအမျိုးအစားများဖြစ်ကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသဈေးကွက် အခိုင်အမာရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဂုဏ်သတင်းထည်ဝါ ပြည်မြန်မာ

- ပုထိုးစေတီ ဘုရားကျောင်း
ဂူတန်ဆောင်း ရှေးလက်ရာ၊
တန်ဖိုးဂုဏ် လွန်ကြီးမား
လေးစားစရာ၊
ချီးမွမ်းထိုက် အတတ်ပညာ
မြန်မာမှာ မြင်တွေ့ရ၊
ဘိုးဘွားပိုင် အမွေအနှစ်
ချစ်မြတ်နိုးလှ။

- တိုင်းနိုင်ငံ ထည်ဝါလှ
လက်ကမ်းကြ အမြဲတော၊
ယနေ့ထက်တိုင် အညွန့်အခက်နဲ့
ရှင်သန်လျက်ပေ၊
ပန်းဆယ်မျိုး ရတနာတွေ
ခေတ်မီနေ တိုးတက်၊
မြန်မာပြည် သာသနာအလင်း
ထွန်းပဝင်းလက်။

- ဇာတိမာန် မျိုးဂုဏ်ဖက်
ညီညာလျက် တိုင်းရင်းဆွေ၊
နိုင်ငံတော် ကောင်းကျိုး
သယ်ပိုးကာနေ၊
သွေးချင်းတို့ မြန်မာမြေ
ဘိုးဘွားအမွေ ထွန်းတောက်၊
ကမ္ဘာ့အလယ် ဂုဏ်ထင်ရှားဖို့
(သွေးချင်းတို့တွေ)
ကြိုးစားစောင့်ရှောက်။ ။

**ချစ်သက်(မြန်မာစာ)**

# ညောင်ဦးမြို့နယ် ချောက်ကန်ကျေးရွာ၌ ဆိုလာရေသန့်စက်တပ်ဆင်ပြီးစီးမှု စစ်ဆေး

**ညောင်ဦး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောက်ကန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေသန့်စက်စက် တပ်ဆင်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးနှင့် တာဝန်ရှိသူများက ချောက်ကန်ကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေသန့်စက်စက် တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာ အသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ညောင်ဦးမြို့နယ် ချောက်ကန်ကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာရေသန့်စက်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သုံးသန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာကော်မတီဦးဆောင်ပြီး ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် စက်တင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပြီဖြစ်၍ ချောက်ကန်ကျေးရွာပြည်သူများ သန့်ရှင်းသောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

## နိုင်ငံတကာ သတင်းများ

# ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပြည်သူ့မဟာခန်းမဆောင်၌ တွေ့ဆုံဆွေးနွေး



**ပေကျင်း နိုဝင်ဘာ ၆**

ဩစတြေးလျဝန်ကြီးချုပ်အန်တိုနီ အယ်လ်ဘာနီစီသည် ယနေ့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပြည်သူ့မဟာခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တင်းမာခဲ့ရသည့် နှစ်နိုင်ငံဆက်ဆံရေးကိုပုံစံပြန်ချရန် တရုတ်နှင့် ဩစတြေးလျနှစ်နိုင်ငံစလုံးက ကြိုးစားနေစဉ် ပေကျင်းမြို့၌ သမ္မတ ရှီကျင့်ဖျင်နှင့် ဩစတြေးလျဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

သမ္မတရှီကျင့်ဖျင်နှင့်ဝန်ကြီးချုပ် အယ်လ်ဘာနီစီတို့၏ တွေ့ဆုံဆွေးနွေးပွဲကို တရုတ်အစိုးရမီဒီယာများက အတည်ပြုထားသော်လည်း အသေးစိတ်အချက်အလက်များကို သတင်းထုတ်ပြန်ခြင်း မရှိခဲ့ကြောင်း သိရသည်။

သို့သော် အဆိုပါဆွေးနွေးပွဲ၌ သမ္မတရှီကျင့်ဖျင်နှင့် ဝန်ကြီးချုပ် အယ်လ်ဘာနီစီတို့အနေဖြင့်နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများနှင့် ကုန်သွယ်ရေးကိစ္စများကို အဓိကထား ဆွေးနွေးကြဖွယ်ရှိသည်။

ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီသည် ခုနစ်နှစ်တာကာလအတွင်း တရုတ်နိုင်ငံသို့ ရောက်ရှိလာခဲ့သော ပထမဆုံးဩစတြေးလျခေါင်းဆောင်ဖြစ်သည်။

ပြီးခဲ့သည့် နှစ်များအတွင်း တရုတ်နှင့်ဩစတြေးလျနိုင်ငံတို့ကြား ဆက်ဆံရေးမှာ ဟွာဝေးကုမ္ပဏီပြဿနာ၊ ကိုဗစ်-၁၉ ရောဂါမူလ အစပြဿနာ၊ သူလျှိုစွပ်စွဲချက်ပြဿနာများကြောင့် အထူးတင်းမာခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ၂၀၂၄ ခုနှစ် ရုရှားသမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် သမ္မတပူတင် ဆုံးဖြတ်ထား

**မော်စကို နိုဝင်ဘာ ၆**

ရုရှားသမ္မတ ပူတင်သည် လာမည့်နှစ်မတ်လအတွင်း ကျင်းပမည့် ရုရှားသမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားကြောင်း ရုရှားအစိုးရသတင်းအရင်းအမြစ်များက ယနေ့တွင်ထုတ်ဖော်ပြောကြားထားသည်။

၂၀၂၄ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်မည်ဆိုပါက ရုရှားသမ္မတ ပူတင်အနေဖြင့် ရုရှားသမ္မတရာထူးကိုအနည်းဆုံး ၂၀၃၀ ပြည့်နှစ်ထိတိုင် ဆက်လက်ရယူထားနိုင်မည်ဖြစ်သည်။

ယခုနှစ် အောက်တိုဘာ ၇ရက်တွင် အသက် ၇၁ နှစ် ပြည့်ပြီဖြစ်သည့် သမ္မတပူတင်သည်ပြည်တွင်း၌ ပြည်သူ့ထောက်ခံမှုကို ရာနှုန်း ၈၀ထိ ရရှိထားသူဖြစ်သည်။

ထို့ပြင် နိုင်ငံတော်နှင့်နိုင်ငံပိုင် မီဒီယာများ၏ အားပေးထောက်ခံမှု၊ နိုင်ငံရေးအရ စိန်ခေါ်နိုင်သူကင်းမဲ့မှုတို့ကြောင့် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်လည်း သမ္မတပူတင်သာအနိုင်ရနိုင်သည်။

သမ္မတပူတင်အနေဖြင့် လာမည့်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် သမ္မတပူတင်၏ အကြံပေးများသည်ပင် မဲဆွယ်လှုပ်ရှားမှုများအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း သတင်းအရင်းအမြစ်များ၏အဆိုအရ သိရသည်။

၂၀၂၄ခုနှစ် မတ်လရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ရုရှားသမ္မတ ဆုံးဖြတ်ထားပြီးဖြစ်သည်ဟူသော သတင်းများကို ကရင်မလင်နန်းတော်တာဝန်ရှိသူများကတစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဂါဇာစစ်ရေးပဋိပက္ခပြီးဆုံးရေးအတွက် အစွမ်းကုန်ကြိုးစားမည်ဟု တရုတ်ပြောကြား

**ပေကျင်း နိုဝင်ဘာ ၆**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌတာဝန် တရုတ်ရယူထားချိန်တွင် ပါလက်စတိုင်းနယ်မြေများ၌ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ရန် အစွမ်းကုန်ကြိုးစားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

လုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌတာဝန်ရယူထားစဉ်အတွင်း လက်ရှိဖြစ်ပွားဆဲ ဂါဇာစစ်ပွဲအမြန်ပြီးဆုံးရေးအတွက် မိမိ၏တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန် တရုတ်နိုင်ငံက လုံခြုံရေးကောင်စီကို တွန်းအားပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်အခြေစိုက် ဟားမတ်စ်အုပ်စုကို စစ်ရေးအရ အရှိန်မြှင့်တင်တိုက်ခိုက်နေစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုပါပြောကြားချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ နိုဝင်ဘာလအတွက် အလှည့်ကျဥက္ကဋ္ဌရာထူးကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း စတင်ရယူခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုဝင်ဘာလအတွင်း ဆွေးနွေးမည့် အကြောင်းအရာများထဲတွင် ဂါဇာစစ်ရေးပဋိပက္ခ ပြဿနာကထိပ်ဆုံးတွင်ပါဝင်ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများကလည်း သတင်းထုတ်ပြန်ထားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌရာထူးကိုလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံတို့က လစဉ်အလှည့်ကျရယူကြရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ဒုံးကျည်အန္တရာယ်ကာကွယ်ရေးလေ့ကျင့်မှု ငါးနှစ်အတွင်း ပထမဆုံးအကြိမ် ဂျပန်နိုင်ငံ ပြုလုပ်

**တိုကျို နိုဝင်ဘာ ၆**

မြောက်ကိုရီးယားနိုင်ငံ၏ စစ်ရေးခြိမ်းခြောက်မှု ပိုမိုကြီးမားလာချိန်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ယနေ့တွင် ငါးနှစ်တာကာလအတွင်း ပထမဆုံးသောဒုံးကျည်အန္တရာယ် အကာအကွယ်ယူရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုံးကျည်အန္တရာယ် အကာအကွယ်ယူရေးလေ့ကျင့်မှုကို တိုကျိုမြို့ရှိနီရီမာရပ်ကွက်၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုများကြောင့် ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်းလုံး၌ ဒုံးကျည်အန္တရာယ် အကာအကွယ်ယူရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

သို့သော် ယနေ့တွင် ပြုလုပ်ခဲ့သည့်လေ့ကျင့်မှုသည် တိုကျိုမြို့အတွက် ၂၀၁၈ ခုနှစ်နောက်ပိုင်း ပထမဆုံးဒုံးကျည်အန္တရာယ်အကာအကွယ်ယူရေးလေ့ကျင့်မှုဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့်နှစ်များအတွင်းတိုက်ချင်းပစ်ဒုံးကျည်များ၊ တာတိုပစ်ဒုံးကျည်များနှင့် ခရုစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့သည်။

အဆိုပါဒုံးကျည်စမ်းသပ်မှုများအနက် အချို့ဖြစ်စဉ်များကြောင့် ဂျပန်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်ပွင့်ထွက်ခဲ့ရပြီး အာဏာပိုင်များက ရုပ်မြင်သံကြား၊ အီးမေးလ်နှင့် ဆဲလ်ဖုန်းသတိပေးချက်များကိုပြည်သူများထံ ထုတ်လွှင့်ပေးခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အုပ်စုပစ်မှတ်ပေါင်း ၄၅၀ ကို အစ္စရေးတိုက်လေယာဉ်များ တိုက်ခိုက်

**ဂျေရုဆလင် နိုဝင်ဘာ ၆**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတိုက်လေယာဉ်များသည် ဂါဇာကမ်းမြောင်ဒေသရှိဟားမတ်စ်အုပ်စု ပစ်မှတ်ပေါင်း ၄၅၀ ကို တိုက်ခိုက်ခဲ့ကြကြောင်း အစ္စရေးစစ်ဘက်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



နိုဝင်ဘာ ၅ ရက် ညလုံးပေါက်ပြုလုပ်ခဲ့သည့် အစ္စရေး၏ ဝေဟင်၊ မြေပြင်၊ရေပြင်တိုက်ခိုက်မှုများသည် တစ်လကျော် ကြာမြင့်လာပြီဖြစ်သည့် ဂါဇာစစ်ပွဲကာလအတွင်း အပြင်းထန်ဆုံးထိုးစစ်တစ်ခုဖြစ်ခဲ့သည်။

ဟားမတ်စ်အုပ်စု၏ အောက်တိုဘာ ၇ ရက်တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံက ပြုလုပ်နေသည့် လေကြောင်းထိုးစစ်များကြောင့် လက်ရှိအချိန်ထိ ပါလက်စတိုင်းဦးရေ ၉၇၇၀သေဆုံးခဲ့ရပြီဖြစ်ကြောင်း ပါလက်စတိုင်း ကျန်းမာရေး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အပစ်အခတ် ရပ်စဲရေးတောင်းဆိုမှုများကို ပယ်ချခဲ့ပြီးနောက် အစ္စရေးနိုင်ငံမှာ ၎င်း၏ ထိုးစစ်များအတွင်း အရပ်သားများသေဆုံးရမှုကို ရှောင်ရှားရေးအတွက် နိုင်ငံတကာဖိအားပေးမှုများနှင့်ရင်ဆိုင်နေရသည်။

လက်ရှိအချိန်တွင် အစ္စရေးမြေပြင်တပ်များသည် ဟားမတ်စ်အုပ်စု၏ ဗဟိုချက်ဖြစ်သည့် ဂါဇာစီးတီးမြို့ကိုဝိုင်းရံထားရာ ဟားမတ်စ်အုပ်စုဝင်များနှင့် မြို့တွင်းတိုက်ပွဲများဖြစ်ပွားနေကြောင်း သိရသည်။

ဟားမတ်စ်အုပ်စု၏အောက်တိုဘာ ၇ရက်တိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံ၌ လူပေါင်း ၁၄၀၀ ကျော် သေဆုံးခဲ့ရပြီးနောက် အစ္စရေး-ဟားမတ်စ်စစ်ပွဲ စတင်ခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တောရစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်က ယခုသီတင်းပတ်အတွင်း အရှိန်အမြင့်ဆုံးအဆင့်သို့ ရောက်ရှိမည်



**ဝါရှင်တန် နိုဝင်ဘာ ၆**

တောရစ်(Taurid) အမည်ရှိ ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်သည် ယခုသီတင်းပတ်အတွင်း အရှိန်အမြင့်ဆုံးအဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း နိုဝင်ဘာ ၅ ရက်သတင်းများအရ သိရသည်။

တောရစ် ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်အတွင်း နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်ထိ တစ်နာရီလျှင် ဥက္ကာခဲ ၁၀ ခဲနှုန်း ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်မှုကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

တောရစ်ဥက္ကာမိုးရွာသွန်းစဉ် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်လာသည့်ဥက္ကာခဲများသည် အခြားကြယ်တံခွန်များက ချန်ထားရစ်ခဲ့သည့် ဥက္ကာခဲများထက် အရွယ်အစား ပိုကြီးမားတတ်ကြောင်း သိရသည်။

ထို့ပြင် တောရစ်ဥက္ကာခဲများသည် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်မှုအနှေးဆုံး ဥက္ကာခဲများဖြစ်ကြပြီး တစ်စက္ကန့်လျှင် ၁၇ မိုင်အမြန်နှုန်းဖြင့် ဝင်ရောက်တတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

တောရစ် ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်သည် 2P/Encke အမည်ရှိ ကြယ်တံခွန်တစ်ခုက ချန်ထားရစ်ခဲ့သော ဥက္ကာခဲများ ကမ္ဘာ့လေထုလွှာအတွင်းဝင်ချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

2P/Encke ကြယ်တံခွန်သည် နေပတ်လမ်းအတိုဆုံးကြယ်တံခွန်တစ်စင်းဖြစ်ပြီး နေကို ၃ ဒသမ ၃ နှစ်လျှင် တစ်ကြိမ်ကျလှည့်ပတ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## တိရစ္ဆာန်များမှကူးစက်သည့်ရောဂါများကြောင့် ၂၀၅၀ ပြည့်နှစ်တွင် သေဆုံးသူ ၁၂ ဆမြင့်မားနိုင်

**နယူးယောက် နိုဝင်ဘာ ၆**

တိရစ္ဆာန်များထံမှ ကူးစက်တတ်သည့် ကူးစက်ရောဂါများကြောင့် ၂၀၅၀ ပြည့်နှစ်အတွင်း သေဆုံးသူ အရေအတွက်သည် ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၂ ဆ ပို၍မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၅ ရက်တွင် ပြောကြားသည်။

အထက်ပါ ကူးစက်ရောဂါများသည် ကမ္ဘာ့ကျန်းမာရေး ပြဿနာများ ဖြစ်လာမည့်အရေးကို ကြိုတင်တားဆီးကြရန် အမေရိကန် သုတေသနပညာရှင်များက တိုက်တွန်းထားကြောင်း သိရသည်။

တိရစ္ဆာန်များမှ တစ်ဆင့် ကူးစက်သည့်ရောဂါများ လူသားတို့ကြား ကူးစက်ကပ်ရောဂါအသွင် ဖြစ်လာမှုသည် ရာသီဥတုပြောင်းလဲမှုပြဿနာနှင့် သစ်တောပြုန်းတီးမှုပြဿနာတို့ကြောင့် အနာဂတ်၌ ကြိမ်ရေ ပိုစိပ်လာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

အထူးသဖြင့် အီဘိုလာ၊ မားဘာ့ဂ်၊ ဆားစ်နှင့် နီဖာပိုင်းရပ်အပါအဝင် Filoviruses အုပ်စုဝင် ပိုင်းရပ် ကူးစက်ရောဂါများကြောင့် ကမ္ဘာ့ပြည်သူများ ၂၀၅၀ ပြည့်နှစ်အတွင်း သေဆုံးနှုန်းသည် ၂၀၂၀ ပြည့်နှစ်ကထက် ၁၂ ဆ ပိုများလိမ့်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၁၉၆၃ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြား ဖြစ်ပွားခဲ့သော ကူးစက်ရောဂါကပ်ဘေး ၃၀၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## တရုတ်နိုင်ငံအခြေစိုက် i Space ကုမ္ပဏီက SQX-2Y ဒုံးပျံကို မြေပြင်အတက်အဆင်းစမ်းသပ်မှု အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့

**ပေကျင်း နိုဝင်ဘာ ၆**

တရုတ်နိုင်ငံအခြေစိုက် i Space ကုမ္ပဏီသည် SQX-2Y အမည်ရှိ အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော ဒုံးပျံကို မြေပြင်အတက်အဆင်းစမ်းသပ်မှု အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

စမ်းသပ်မှုပြုလုပ်စဉ်အတွင်း SQX-2Yဒုံးပျံသည် အမြင့် ၁၇၈ ဒသမ ၄၂ မီတာထိတက်ရောက်၍ စက္ကန့် ၅၀ အကြာတွင် သတ်မှတ်နေရာသို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ကိုယ်ထည်အလျား ၁၇ မီတာရှိသည့် SQX-2Y ဒုံးပျံသည် မြေပြင်သို့ ပြန်လည်ဆင်းသက်ရာတွင် တစ်စက္ကန့်လျှင် သုည ဒသမ ဝ၂၅ မီတာနှုန်းဖြင့် ချောမွေ့စွာပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

SQX-2Y စမ်းသပ်ဒုံးပျံသည် အောက်ဆီဂျင်မီသိန်းဓာတ်ငွေ့ရည်ကို လောင်စာအဖြစ်သုံးစွဲထားသည့် ဒုံးပျံဖြစ်ကြောင်း သိရသည်။

SQX-2Y ဒုံးပျံစမ်းသပ်မှုမှ နည်းပညာဆိုင်ရာ အဓိကသတင်းအချက်အလက်များကို ရယူနိုင်ခဲ့ကြောင်း i Space ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။



i Space ကုမ္ပဏီသည် SQX-2Y ဒုံးပျံစမ်းသပ်မှုကို နိုဝင်ဘာ ၃ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## မိုဘိုင်းလ်ဖုန်းအသုံးများသည့် အမျိုးသားများ၌ သုက်ပိုးစုစည်းမှုအဆင့် ကျဆင်းနေတတ်

**ဂျီနီဗာ နိုဝင်ဘာ ၆**

မိုဘိုင်းလ်ဖုန်းအသုံးများသည့် အမျိုးသားများတွင် သုက်ပိုးစုစည်းမှုအဆင့် ပုံမှန်ထက် ၂၁ ရာခိုင်နှုန်း ပိုမိုကျဆင်းနေတတ်ကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများ၏အဆိုအရ သိရသည်။

အမျိုးသားများ၏ သုက်သွေးအရည်အသွေးကို သုက်ပိုးများစုစည်းမှုအဆင့်၊ သုက်ပိုးကောင်အရေအတွက်၊ ပုံသဏ္ဌာန်နှင့်အရွယ်အစား စသည့်အချက်များက အဆုံးအဖြတ်ပေးနိုင်သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အမျိုးသား ၂၈၈၆ ဦး၏ သုက်သွေးနမူနာများကို လေ့လာ၍ ၎င်းအမျိုးသားများ ဖုန်းအသုံးပြုပုံနှင့် နှိုင်းယှဉ်သုံးသပ်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ တစ်ရက်လျှင် မိုဘိုင်းလ်ဖုန်းကို အကြိမ် ၂၀ အထက်သုံးစွဲသူများတွင် သုက်ပိုးစုစည်းမှုပုံမှန်ထက် ၂၁ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း မိုဘိုင်းလ်ဖုန်းအသုံးပြုမှု မြင့်တက်လာသည်နှင့်အမျှ ၎င်းကိရိယာများက ထုတ်လွှင့်သည့် ရေဒီယိုကြိမ်နှုန်း လျှပ်စစ်သံလိုက်ရောင်ခြည်များ၏ လူ့ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုများမှာ သတိထားစရာဖြစ်လာသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ယခင်ပြုလုပ်ခဲ့သည့် လေ့လာချက်များအရလည်း ပြီးခဲ့သည့်နှစ်ပေါင်း ၅၀ အတွင်း အမျိုးသားများ၏ သုက်သွေးအရည်အသွေး ကျဆင်းလာပြီး သုက်ပိုးပမာဏမှာလည်း သုက်သွေးတစ်မီလီမီတာလျှင် သုက်ပိုးကောင်ရေ ၉၉ သန်းမှ ၄၇ သန်းထိ ကျဆင်းသွားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## SWOT ဂြိုဟ်တုက ကမ္ဘာ့ရေထုပမာဏအားလုံးနီးပါးကို မြေပုံရေးထုတ်ပေးနိုင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ SWOT ဂြိုဟ်တုသည် ကမ္ဘာ့ရေထုပမာဏ အားလုံးနီးပါးကို



မြေပုံ ရေးထုတ်ပေးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

SWOT ဂြိုဟ်တုသည် ယခုနှစ် ဇူလိုင် ၂၆ ရက်က စတင်ခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် ပြီးဆုံးခဲ့သော ၂၁ ရက်ကြာ သိပ္ပံစမ်းသပ်မှုအတွင်း အဆိုပါမြေပုံကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် SWOT ဂြိုဟ်တုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါဂြိုဟ်တုသည် ကမ္ဘာ့မြေပြင်အထက် အမြင့် ၅၃၃ မိုင်အကွာရှိ ပတ်လမ်းပေါ်တွင် နေရာယူ၍ ကမ္ဘာ့ရေထု အပြောင်းအလဲများကိုစောင့်ကြည့်လေ့လာလျက်ရှိသည်။

SWOT ဂြိုဟ်တုသည် ၂၁ ရက်လျှင် တစ်ကြိမ်ကျ ကမ္ဘာ့ရေမျက်နှာပြင် ၉၀ ရာခိုင်နှုန်း၏ထုကို တိုင်းတာပေးနေသည်။

SWOT ဂြိုဟ်တုသည် နာဆာနှင့် ပြင်သစ်အာကာသအေဂျင်စီတို့ ပူးပေါင်းတည်ဆောက်ထားသည့် ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# Paris Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျိုကိုဗစ် ဆွတ်ခူး

**ပဲရစ် နိုဝင်ဘာ ၆**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သော Paris Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဒီမီထရော့ဗ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၄ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် Masters ATP 1000 ပြိုင်ပွဲများတွင် ဆုဖလားအလုံး ၄၀ထိရရှိထားသောကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ယခုနှစ်တင်းနစ်ရာသီအတွင်း ခြောက်လုံးမြောက် ဆွတ်ခူးနိုင်ခဲ့သောဆုဖလားဖြစ်ပြီး တင်းနစ်လောကတွင် အောင်မြင်မှုအများဆုံးသောကစားသမားအဖြစ် မှတ်တမ်းသစ်တစ်ရပ် စိုက်ထူနိုင်ရန်လည်း နီးစပ်လာခဲ့ပြီဖြစ်သည်။

ယခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်နိုင်ရေးအတွက် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် အကြိတ်အနယ် ဖြစ်နေသည့် ဂျိုကိုဗစ်သည် Paris Masters တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ရမှတ်တိုးလာခဲ့ပြီး အယ်ကာရက်ဇ်ကို ရမှတ်ပိုဖြတ်နိုင်ခဲ့သည်။

ဂျိုကိုဗစ်သည် ဒီမီထရော့ဗ်ကို သက်သောင့်သက်သာဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သော်လည်း ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်ခွင့်ရရှိရေးအတွက် ကွာတားဖိုင်နယ်အဆင့်နှင့် ဆီမီးဖိုင်နယ်အဆင့်တို့တွင် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရသည်။

ဂျိုကိုဗစ်က "ဒီရက်သတ္တပတ်ဟာ ကျွန်တော့်အတွက်စိန်ခေါ်မှုတွေနဲ့ပြည့်နေတဲ့ ရက်သတ္တပတ်ဖြစ်ပါတယ်။ ဗိုလ်လုပွဲစဉ်အဆင့်ကို မရောက်ခင်အဆင့်တွေမှာ တော်တော်လေးကို ခက်ခက်ခဲခဲကစားခဲ့ရတယ်။ အနိုင်ရလာခဲ့တယ်ဆိုပေမဲ့လဲ ပွဲတိုင်းနီးပါးနောက်ကနေ လိုက်ကစားခဲ့ရပြီးတော့ ကံကောင်းလို့ အနိုင်ရလာတဲ့အခြေအနေမျိုးဖြစ်ပါတယ်။ ဗိုလ်လုပွဲစဉ်အဆင့်မရောက်ခင်မှာ ပြိုင်ပွဲကနေထွက်ခွာသွားရမဲ့အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဗိုလ်လုပွဲစဉ်မှာတော့ အမှားအယွင်းမရှိအကောင်းဆုံးကစားနိုင်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**



## အားကစားသတင်း အတိုအထွာများ

- လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှကစားသမားအချို့ထွက်ခွာမည်ဖြစ်သော်လည်း ကစားသမားထပ်မံခေါ်ယူရန် အစီအစဉ်မရှိကြောင်း ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီက ထုတ်ဖော်ပြောကြားခဲ့သည်။
- ပိုမီဂလီယာနိုအမျိုးသမီးအသင်းသည် ပွဲစဉ်ခြောက်ပွဲကစားအပြီးတွင် စီးရီးအေအမှတ်ပေးပြိုင်ပွဲမှ နုတ်ထွက်ကြောင်း တရားဝင်ကြေညာခဲ့သည်။
- အင်္ဂလန်အသင်းက ၂၀၂၄ ခုနှစ် မတ်လတွင် ဘရာဇီးအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲကစားမည်ဟု အတည်ပြုထုတ်ပြန်ခဲ့သည်။

**ML**

# ဗယ်လ်ကာနိုအသင်းကို သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ဘယ်လင်ဟမ် ပခုံးဒဏ်ရာရရှိခဲ့ကြောင်း ရီးရဲလ်မက်ဒရစ် ထုတ်ပြန်

**မက်ဒရစ် နိုဝင်ဘာ ၆**

လာလီဂါ အမှတ်ပေးပြိုင်ပွဲအဖြစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဗယ်လ်ကာနိုအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်အနေဖြင့် ပခုံးဒဏ်ရာရရှိခဲ့ကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်ခဲ့သည်။

ဘယ်လင်ဟမ်သည် ပြီးခဲ့သည့်ဘော်လွန်းဒီအော် ဆုပေးပွဲအခမ်းအနားတွင် တစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့်အတွက် အသင်းပရိသတ်များက ဗယ်လ်ကာနိုအသင်းနှင့်ပွဲစဉ်မတိုင်မီ ၎င်းအတွက်အောင်ပွဲခံအခမ်းအနားပြုလုပ်ပေးခဲ့ပြီး အသင်းနှင့်အတူပွဲထွက်ကစားခဲ့ရာ ပြိုင်ပွဲအတွင်း ပခုံးဒဏ်ရာရရှိခဲ့သော်လည်း ပွဲချိန်ပြည့်ကစားပေးခဲ့ကြောင်း သိရသည်။



နည်းပြ အန်ဆယ်လော့တီက "ဘယ်လင်ဟမ်အနေနဲ့ ပြိုင်ပွဲတွင်း ပခုံးဒဏ်ရာရခဲ့ပေမဲ့ ပွဲချိန်ပြည့် ကစားပေးခဲ့ပါတယ်။ ပွဲအပြီးမှာတော့ သူ့ဒဏ်ရာအခြေအနေက ပြင်းထန်တယ်လို့ ယူဆရပါတယ်။ လက်ရှိမှာတော့ လိုအပ်တဲ့စကန်ဖတ်စစ်ဆေးမှုတွေ ပြုလုပ်နေတာကြောင့် အတိအကျပြောလို့မရပါဘူး။ ကျွန်တော်ကတော့ လာမဲ့ ဘရာဂါအသင်းနဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာပါဝင်နိုင်မယ်လို့မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဘယ်လင်ဟမ်သည် ယခုနှစ်ဘောလုံးရာသီ ရီးရဲလ်မက်ဒရစ်ကစားသမားဘဝအစတွင် ပြိုင်ပွဲစုံ ၁၃ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့သူဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲတွင်လည်း သွင်းဂိုး ၁၀ ဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် မှတ်တမ်းကောင်းများ ပိုင်ဆိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ဆဲလ်တာဗီဂိုအသင်းခေါင်းဆောင် အက်စ်ပက်က ဆီဗီလာနှင့်ပွဲစဉ်တွင် VAR မော်နီတာကို တွန်းလှဲခဲ့ဟုဆို

**မက်ဒရစ် နိုဝင်ဘာ ၆**

ဆဲလ်တာဗီဂိုအသင်းနှင့်ဆီဗီလာအသင်းတို့ကစားခဲ့သည့် အမှတ်ပေးပွဲစဉ် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်၌ ပြိုင်ပွဲအပြီးတွင် VAR မော်နီတာကို အသင်းခေါင်းဆောင်အက်စ်ပက်က တွန်းလှဲခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဆဲလ်တာဗီဂိုအသင်းက ပွဲချိန် ၂၂ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့ရာ ပွဲချိန် ၆၅ မိနစ်တွင် ကွင်းလယ်ကစားသမားတာပီယာက နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသဖြင့်ကစားအားလျော့ကျခဲ့ပြီး ပွဲချိန် ၈၄ မိနစ်တွင် ဆီဗီလာအသင်းကို ချေပဂိုးပြန်လည်ခွင့်ပြုခဲ့ရသော်လည်း ပွဲချိန်နာကျင်အချိန်ပိုတွင် နာဗက်၏ ဥပဒေပြင်ပမှကစားမှုကို အဝါကတ်ပြသ၍ ပင်နယ်တီသတ်မှတ်ခဲ့သော်လည်း ကွင်းလယ်ဒိုင်တာနန်ဒက်စ်က VAR ပြန်လည်ကြည့်ရှုကာ ပင်နယ်တီကိုပယ်ဖျက်ခဲ့သည်။

ထို့ကြောင့် ပွဲချိန် ၆၉ မိနစ်တွင် လူစားလဲခံခဲ့ရသည့် အသင်းခေါင်းဆောင်အက်စ်ပက်က ကွင်းလယ်ဒိုင်ကိုမကျေနပ်မှုဖြင့် ပွဲသိမ်းခရာမှုတ်ပြီးချိန်တွင် ကွင်းဘေးရှိ VAR မော်နီတာကို တွန်းလှဲခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် စပိန်ဘောလုံးအဖွဲ့ချုပ်က တစ်စုံတစ်ရာထုတ်ပြန်ခြင်းမရှိသေးသော်လည်း ၎င်းအနေဖြင့် အရေးယူခံရဖွယ်ရှိသည်။

လက်ရှိတွင် ဆဲလ်တာဗီဂိုအသင်းကို လီတာပူးနှင့်ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဘင်နီတက်ဇ် တာဝန်ယူခဲ့ပြီး အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲကစားပြီးချိန်တွင် အောက်တိုဘာ ၃ ရက်က ကစားခဲ့သည့် လက်ပါးမက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်သာအနိုင်ရခဲ့ပြီး ကျန်ပွဲစဉ်များတွင် နိုင်ပွဲမရခဲ့သောကြောင့် ရမှတ်ခုနစ်မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁၈)တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# မန်ယူအသင်းက ဖလာမင်ဂိုအသင်းကစားသမား ဘာဘိုဆာကို အန်တိုနီ၏နေရာတွင်အစားထိုးရန်ဆုံးဖြတ်

**မန်ချက်စတာ နိုဝင်ဘာ ၆**

မန်ယူအသင်းသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဖလာမင်ဂိုအသင်း၌ခြေစွမ်းပြကစားနေသည့် ဘာဘိုဆာကို တောင်ပံကစားသမား အန်တိုနီ၏နေရာတွင် အစားထိုးရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပုံစံကောင်းပျောက်ဆုံးနေသည့် တောင်ပံကစားသမားအန်တိုနီကို လာမည့်အပြောင်းအရွှေ့တွင် အငှားစေလွှတ်သွားမည်ဖြစ်ပြီး ၎င်း၏နေရာတွင် ဖလာမင်ဂိုအသင်းနှင့်အတူ ခြေစွမ်းပြကစားနေသည့် ဘာဘိုဆာနှင့်အစားထိုးသွားမည်ဖြစ်ကာ ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၂၀ ဝန်းကျင်ဖြင့် ခေါ်ယူနိုင်မည်ဟုယုံကြည်လျက်ရှိသည်။

တိုက်စစ်မှူး ဘာဘိုဆာသည် ဖလာမင်ဂိုအသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၎င်းအနေဖြင့် ဥရောပပြိုင်ပွဲများတွင် ပါဝင်ကစားရန် ဆန္ဒရှိနေသောကြောင့် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ရန်နီးစပ်ခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် လာမည့်အပြောင်းအရွှေ့တွင် ဥရောပပြိုင်ပွဲကစားရမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့နိုင်ကြောင်း သိရသည်။



မန်ယူအသင်းသည် တိုက်စစ်ပိုင်းတွင် ရက်ရှ်ဖို့ဒ်၊ မာရှယ်၊ ဂါနာချို၊ အန်တိုနီ၊ ဟိုက်လန်း တို့ရှိနေသော်လည်း တိုက်စစ်မှူး ဟိုက်လန်းက သွင်းဂိုး သုံးဂိုး၊ ရက်ရှ်ဖို့ဒ်၊ မာရှယ်၊ ဂါနာချိုတို့မှာ သွင်းဂိုး တစ်ဂိုးစီသာ သွင်းယူပေးနိုင်ခဲ့သကဲ့သို့ အန်တိုနီအနေဖြင့် ပြိုင်ပွဲစုံတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် နည်းပြတန်ဟတ်က အသင်းတိုက်စစ်ပိုင်းကို ထပ်မံဖြည့်တင်းနိုင်ရန် ဖလာမင်ဂိုအသင်းတိုက်စစ်ပိုင်းကို ဦးဆောင်နေသည့် ဘာဘိုဆာအားခေါ်ယူ၍ အန်တိုနီကို အငှားစာချုပ်ဖြင့် စေလွှတ်သွားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်း ပဏာမကစားသမားစာရင်း ထုတ်ပြန်ကြေညာ



**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာ့လက်ရွေးစင် အသင်း နည်းပြ ဖိုက်တန်ဘိုင်နာက ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ(အာရှဇုန်) ဒုတိယအဆင့်အုပ်စုပွဲစဉ်များကစားရန်အတွက် မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမကစားသမားစာရင်းကို ယနေ့တွင်အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းနည်းပြဖိုက်တန်ဘိုင်နာက မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမကစားသမားစာရင်းတွင် ပြည်ပ၌ကစားနေသည့် ကစားသမားများနှင့် ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြသလျက်ရှိနေသည့်ကစားသမားများကိုစုဖွဲ့ပြီးထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမ ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ဆန်းဆက်နိုင်၊ ပြည့်ဖြိုးအောင်၊ ဇင်ညီညီအောင်၊ ကျော်ဇင်ဖြိုး၊ ခံစစ်ကစားသမားနေရာတွင် နန္ဒကျော်၊ သက်ဟိန်းစိုး၊ ဟိန်းဇေယျာလင်း၊ ငြိမ်းချမ်း၊ လတ်ဝေဘုန်း၊ ကောင်းထက်ပိုင်၊ ရဲမင်းသူ၊ ဇွဲခန့်မင်း၊ မိုးဆွေအောင်၊ ဟိန်းဖြိုးဝေ၊ ကွင်းလယ်ကစားသမားနေရာတွင် ဝေလင်းအောင်၊ ရန်နိုင်ဦး၊ နေမိုးနိုင်၊ ထက်ဖြိုးဝေ၊ ဇော်ဝင်းသိန်း၊ ဆွမ်လမန်၊ ဟိန်းထက်အောင်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ မောင်မောင်လွင်၊ တိုက်စစ်ကစားသမားနေရာတွင် ဥက္ကာနိုင်၊ အောင်မြတ်သူ၊ အောင်သူ၊ ဝင်းနိုင်ထွန်းနှင့်သန်းပိုင်တို့ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ(အာရှဇုန်) ဒုတိယအဆင့်အုပ်စုပွဲစဉ်များ ကစားရန်အတွက် ယနေ့မှစတင်ကာ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် စခန်းသွင်းလေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ပြီး နိုဝင်ဘာ ၁၃ ရက်တွင် အပြီးသတ်ကစားသမားစာရင်းကို ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ဥရောပတွင် ဂျာစီရောင်းချရမှုအများဆုံး ကစားသမားစာရင်း၌ ဘယ်လင်ဟမ် ထိပ်ဆုံးတွင်ရပ်တည်

**မက်ဒရစ် နိုဝင်ဘာ ၆**

ဥရောပထိပ်တန်းအသင်းကြီးများတွင် ဂျာစီရောင်းချရမှုအများဆုံးကစားသမားစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်က ထိပ်ဆုံးတွင်ရပ်တည်လျက်ရှိနေပြီး အများဆုံးကစားသမား ၁၀ ဦးစာရင်းတွင် မန်ယူအသင်းမှ ဂါနာချိုလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။

ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဒေါ့မွန်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၄ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပထမဆုံး ဘောလုံးရာသီတွင်ပင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသလျက်ရှိနေသူဖြစ်ပြီး အသင်းပရိသတ်အားပေးမှု အများအပြားရရှိခဲ့ကာ ၎င်း၏အမည်ပါဂျာစီများလည်း များစွာရောင်းချခဲ့ရသည်။

ဥရောပတွင် ဂျာစီရောင်းချရမှုအများဆုံးကစားသမား ၁၀ ဦးစာရင်းတွင် ဘယ်လင်ဟမ်၏နောက်၌ မန်စီးတီးအသင်းမှ ဟာလန်းက အဆင့်(၂)၊ ပီအက်စ်ဂျီအသင်းမှ အမ်ဘက်ပီက အဆင့်(၃)၊ မန်ယူအသင်းမှ ရက်ရှ်ဖို့ဒ်က အဆင့်(၄)၊ စပါးအသင်းမှ ဆွန်ဟောင်မင်က အဆင့်(၅)၊ လီဗာပူးအသင်းမှ ဆာလာဟ်က အဆင့်(၆)၊ မန်စီးတီးအသင်းမှ ဒီဘရိုင်းက အဆင့်(၇)၊ မန်ယူအသင်းမှ ဂါနာချိုက အဆင့်(၈)၊ အာဆင်နယ်အသင်းမှ ဆာကာက အဆင့်(၉)နှင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်က အဆင့်(၁၀)နေရာတွင် အသီးသီးရပ်တည်ခဲ့ကြကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရရေးအတွက် ဘီဗိုလ်က ဘီတာဘီယက်ဖ်နှင့်ထိုးသတ်ရန် ပြင်ဆင်

**မော်စကို နိုဝင်ဘာ ၆**

WBA(Super) လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ရုရှားလက်ဝှေ့သမားဘီဗိုလ်သည် လိုက်ဟဲဗီးဝိတ်တန်း၏ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဆုအတွက် WBC၊ IBF၊ WBO လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ရုရှားလက်ဝှေ့သမား ဘီတာဘီယက်ဖ်နှင့် ထိုးသတ်ရန် ပြင်ဆင်မည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘီတာဘီယက်ဖ် သည်လည်း လိုက်ဟဲဗီးဝိတ်တန်း လောကတွင် ပြိုင်ဘက်ကင်းချန်ပီယံဖြစ်ခွင့်ရရှိရေးအတွက် WBA လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ရယူရန်သာကျန်ရှိတော့သည့်အတွက်ကြောင့် ဘီဗိုလ်နှင့်ထိုးသတ်ရန်ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

ဘီဗိုလ်နှင့် ဘီတာဘီယက်ဖ်တို့အကြား စိန်ခေါ်ပွဲစီစဉ်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ရန် ပြင်ဆင်နေပြီး နှစ်ဖက်တာဝန်ရှိသူများအကြား မကြာခင်ဆွေးနွေးမှုပြုလုပ်မည်ဖြစ်သည်။

ဘီဗိုလ်သည် ရှုံးပွဲမရှိသေးသည့် ကမ္ဘာ့ချန်ပီယံတစ်ဦး ဖြစ်သလို ဘီတာဘီယက်ဖ်သည်လည်း ရှုံးပွဲမရှိသေးသည့် ချန်ပီယံတစ်ဦးဖြစ်သည့်အတွက်ကြောင့် ရုရှားလက်ဝှေ့လောကအတွက်သာမက ကမ္ဘာ့လက်ဝှေ့လောကအတွက် ဘီဗိုလ်နှင့် ဘီတာဘီယက်ဖ်တို့၏စိန်ခေါ်ပွဲမှာ စိတ်ဝင်စားဖွယ်ရာစိန်ခေါ်ပွဲဖြစ်နေသော်လည်း ဘီဗိုလ်သည် ယခုနှစ်အတွင်း ဒဏ်ရာပြဿနာများကြောင့် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်များကို ထိုးသတ်နိုင်ခြင်းမရှိခဲ့ဘဲ စည်းမျဉ်းစည်းကမ်းအရ လက်ရှိချန်ပီယံဆုကိုကာကွယ်သွားရမည့်အချိန် ရောက်ရှိလာပြီဖြစ်သည်။

အလားတူ ဘီတာဘီယက်ဖ်သည်လည်း လက်ရှိချန်ပီယံခါးပတ်များကို ကာကွယ်သွားရမည့်အချိန်ရောက်ရှိနေပြီ ဖြစ်သည့်အတွက် ဘီဗိုလ်နှင့် ဘီတာဘီယက်ဖ်တို့၏ စိန်ခေါ်ပွဲစဉ် ဖြစ်မြောက်ရေးမှာ အချိန်အတိုင်းအတာ တစ်ခုထိ စောင့်ဆိုင်းသွားရဖွယ်ရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးသူရက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပြီးနောက် ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက်အမျိုးသားပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက်အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးလူသစ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား ပထမတန်းပြိုင်ပွဲ၊ အမျိုးသားဒုတိယတန်းပြိုင်ပွဲ၊ အသက် ၅၀၊ ၆၀ နှင့်အထက်နှစ်ယောက်တွဲ ပြိုင်ပွဲများကိုထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို ယနေ့မှစတင်ကာ နိုဝင်ဘာ ၁၂ ရက်ထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ပြိုင်ပွဲဝင်အသင်း ၂၀၊ ပြိုင်ပွဲဝင်အားကစားသမားဦးရေ ၂၈၀ ကျော်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ တောင်အာဖရိက ကစားသမား အဲရစ်ဗန်ရွယန် ချန်ပီယံဆုဆွတ်ခူး



**လော့ကာဘိုစ် နိုဝင်ဘာ ၆**

မက္ကဆီကိုနိုင်ငံ လော့ကာဘိုစ်မြို့တွင် ကျင်းပခဲ့သော World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား အဲရစ်ဗန်ရွယန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား မက်ကူချာနှင့် ကိုလံဘီယာ ဂေါက်သီးရိုက်ကစားသမား ဗီလီဂတ်စ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

အဲရစ်ဗန်ရွယန်သည် နောက်ဆုံးနေ့တွင် ရလဒ်အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သလို နောက်ဆုံးနေ့တွင် ရရှိခဲ့သည့်ရလဒ်များကြောင့်လည်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တတိယနေ့ထိအမှတ်ပေးဇယားကိုဦးဆောင်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သည့် မက်ကူချာနှင့် ဗီလီဂတ်စ်တို့မှာ နောက်ဆုံးနေ့တွင် အမှားများသွားခဲ့သည့်အတွက်ကြောင့် အဲရစ်ဗန်ရွယန်က ၎င်းတို့ကိုကျော်ဖြတ်၍ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ယခုချန်ပီယံဆုသည် အဲရစ်ဗန်ရွယန်အတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် ဒုတိယမြောက်ဆွတ်ခူးနိုင်ခဲ့သော PGA Tour ဆုဖလားဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

S T A

**အေတီကို Vs ဆဲလ်တစ်**

**ကစားမည့်ရက်/အချိန် ၈-၁၁-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆဲလ်တစ် ၂ - ၂ အေတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေတီကို** | - | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **ဆဲလ်တစ်** | - | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

အေတီကိုအသင်းအတွက် နောက်တစ်ဆင့်တက်ရောက်ဖို့ ရမှတ်လိုအပ်နေလို့ အခုအိမ်ကွင်းပွဲစဉ်မှာမဖြစ်မနေအနိုင်ရရှိအောင်ပြင်ဆင်လာမှာပါ။ ဆဲလ်တစ်အသင်းကလဲ ရလဒ်တွေကောင်းမွန်နေတယ်ဆိုပေမဲ့ အေတီကိုအသင်းနဲ့တွေ့ဆုံတိုင်းရလဒ်ကောင်းလေ့မရှိလို့ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ အေတီကိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အေတီကို ၂ - ၁ ဆဲလ်တစ်**

# တရားသောစစ်ပွဲ ဧကန်မုချ အောင်မြင်မည်

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီကတည်းကပင် လက်နက်ကိုင်သောင်းကျန်းမှုများ စတင်ပေါ်ပေါက်လာခဲ့သည်။ အစိုးရအဆက်ဆက်သည် တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ သို့သော် လက်ရှိအချိန်ထိ ငြိမ်းချမ်းရေးကို အပြည့်အဝတည်ဆောက်နိုင်စွမ်း မရှိသေးပေ။ လုပ်ပိုင်ခွင့်နှင့်အာဏာအပေါ် မိန်းမောနေသောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများသည် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန် ဝန်လေးနေကြဆဲပင်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေး မတည်ဆောက်နိုင်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အပြည့်အဝဖော်ဆောင်နိုင်ခြင်းမရှိဘဲ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်တို့တွင် ဘက်ပေါင်းစုံမှ နောက်ကျကျန်ရစ်လျက်ရှိသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှစတင်၍ KIA ၊ MNDAA ၊ TNLA ပူးပေါင်းထားသည့် လက်နက်ကိုင် အဖွဲ့အစည်းများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် အရှေ့မြောက်ဒေသရှိ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ ကျူကုတ်၊ မုံးကိုး၊ ဖောင်းဆိုင်ဒေသများ၊ ကွမ်းလုံ၊ ချင်းရွှေဟော်နှင့်လောက်ကိုင်စသည့် နယ်စပ်ဒေသများသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်၍ နယ်မြေခံတပ်ရင်းဌာနချုပ်နှင့် နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်နှောင့်ယှက်ပစ်ခတ်ခြင်း၊ အေးချမ်းစွာစီးပွားရှာလျက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူများကို အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်းနှင့် နယ်စပ်ဒေသကုန်သွယ်ရေး ပျက်စီးစေရန်နှင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရေးစသည့် နိုင်ငံတော်ပျက်စီးစေလိုသော ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက်ထိ အပြန်အလှန် ထိတွေ့တိုက်ခိုက်မှုများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည်။

အလားတူ ကချင်ပြည်နယ်တွင်လည်း KIA အဖွဲ့အနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ KIA အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့်တပ်မတော်၏ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် လိုက်ပါဆောင်ရွက်ခြင်းမရှိသည့်အပြင် နယ်စပ်ဒေသကုန်သွယ်ရေးပျက်စီးစေရန်နှင့် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားကို ထိခိုက်ပျက်စီးစေလိုသော ရည်ရွယ်ချက်များဖြင့် ကချင်ပြည်နယ်အတွင်း စစ်ရေးနှင့်မသက်ဆိုင်သော လမ်း၊ တံတားများကို ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်လာခဲ့သည်။ တပ်မတော်အနေဖြင့် KIA အဖွဲ့ကို နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားမှုမရှိစေရေး သတိပေးခဲ့သော်လည်း ၎င်းတို့အနေဖြင့် အင်အားအလွန်အကျွံသုံး၍ လုံခြုံရေးစခန်းကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် လုံခြုံရေးအရပြန်လည်ဆောင်ရွက်ခဲ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ငြိမ်းချမ်းရေးရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေးနွေးသည့်အချိန်တွင် အပြုသဘောဆောင်သည့်ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုထား၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် မိမိတို့အပေါ် တိုက်ခိုက်မှုများဆောင်ရွက်လာခြင်းကြောင့် မိမိတို့အနေဖြင့် တန်ပြန်ချေမှုန်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"နိုဝင်ဘာ ၂ ရက်ကပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၃)တွင် ပြောကြားသွားခဲ့သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် တပ်မတော်၏ခိုင်မာပြတ်သားသော ရပ်တည်ချက်နှင့် EAO အဖွဲ့များအပေါ်ထားရှိသည့် သဘောထားကို တိတိလင်းလင်း သတိပေးပြောကြားလိုက်ခြင်းပင်ဖြစ်သည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လောက်ကိုင်ဒေသကို ၎င်းတို့၏လွတ်မြောက်နယ်မြေဖြစ်စေရေးအကြံအစည်ကို အမြဲမပြတ်ကြံစည်လျက်ရှိသည်။ ထိုအကြံအစည်အရ မြောက်ပိုင်းမဟာမိတ်အဖွဲ့ ဖွဲ့စည်း၍ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၅ ရက်ထိ မုံးကိုးဒေသကို တိုက်ခိုက်ခဲ့သည်။ မုံးကိုးဒေသကို သိမ်းပိုက်နိုင်ပါက ထိုဒေသကိုအခြေခံလျက် လောက်ကိုင်ဒေသသို့ ထိုးဖောက်ဝင်ရောက်ရန်ကြံစည်လုပ်ဆောင်ခဲ့ကြသည်။ သို့သော် တပ်မတော်သားများ၏ မဆုတ်မနစ်သော ရဲစွမ်းသတ္တိ၊ ရင်ကိုမြေကတုတ်စိတ်ဓာတ်၊ ရဲသုံးရဲနှင့် မြဲသုံးမြဲတို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများသည် မရှုမလှဖြင့် နှစ်နိုင်ငံနယ်စပ်တွင် ခြေရာဖျောက်သွားခဲ့သည်။ MNDAA အကြမ်းဖက် သောင်းကျန်းသူများသည် ၎င်းတို့၏အကြံအစည် မအောင်မြင်ခဲ့သဖြင့် ထိုအချိန်မှစ၍ လျှို့ဝှက်စစ်ရေးပြင်ဆင်ခဲ့ကြသည်။ တပ်မတော်စစ်ကြောင်းများသည် သောင်းကျန်းသူများ၏ လှုပ်ရှားမှုများကို သတင်းရယူဖော်ထုတ်ကာ ရင်ဆိုင်ထိန်းချုပ်ပြီး လိုအပ်သည့်အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ခဲ့ရသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် တိုင်းပြည် အကျပ်အတည်းဖြစ်အောင် မည်သို့ပင် လျှို့ဝှက်ကြံစည်လှုပ်ရှားနေစေကာမူ တာဝန်သိပြီး တိုင်းပြည်ချစ်သည့် စိတ်ဓာတ်ရှိသော ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြည်ထောင်စုတပ်မတော်သည် ၎င်းတို့၏ရည်ရွယ်ချက်ပျက်ပြားအောင် တန်ပြန်တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများကလည်း တရားသောစစ်ပွဲ ဆင်နွှဲနေသည့် တပ်မတော်နှင့်အတူ ရပ်တည်လျက် သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြသည်။ နိုင်ငံတကာတွင်လည်း ပြည်သူလူထုကိုပစ်မှတ်ထားတိုက်ခိုက်လာသည့် အကြမ်းဖက်လုပ်ရပ်များကို အားပေးမှု မရှိပေ။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့်EAO များကို NCA ပါဝင်လက်မှတ်ရေးထိုးရန် မည်သို့ပင် စည်းရုံးနေစေကာမူ ထိုအကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအာဏာပျက်ပြားစေရန်၊ ပြည်သူများ အထိတ်တလန့်ဖြစ်စေရန်နှင့် တည်ငြိမ်မှုပျက်ပြားစေရန် ယုတ်မာကောက်ကျစ်သောနည်းလမ်းပေါင်းစုံဖြင့် ကြံစည်ဆောင်ရွက်နေသည်မှာ အထင်အရှားပင်ဖြစ်သည်။ ထို့ကြောင့် ထာဝရ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်အေးချမ်းရေးသည် အလှမ်းကွာဝေးနေဦးမည်ဖြစ်သည်။

**❖ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုင်းပြည်အကျပ်အတည်းဖြစ်အောင် မည်သို့ပင်လျှို့ဝှက်ကြံစည်လှုပ်ရှားနေစေကာမူ တာဝန်သိပြီး တိုင်းပြည်ချစ်သည့်စိတ်ဓာတ်ရှိသော ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြည်ထောင်စုတပ်မတော်သည် ၎င်းတို့၏ ရည်ရွယ်ချက်ပျက်ပြားအောင် တန်ပြန်တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများကလည်း တရားသောစစ်ပွဲ ဆင်နွှဲနေသည့် တပ်မတော်နှင့်အတူရပ်တည်လျက် သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြသည်။ ❖**

မည်သို့ပင်ဆိုစေကာမူ နိုင်ငံတော်အစိုးရနှင့် တပ်မတော်သည် စိတ်ရှည်သည်းခံလျက် တပ်မတော်၏ ငြိမ်းချမ်းရေး မူဝါဒခြောက်ရပ်အတိုင်း လက်ကိုင်ထား၍ NCA မှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိသည်ထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် NCA ၌ လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများကို လိုအပ်သလိုဆက်လက်ဆောင်ရွက်သွားရုံမှအပ အခြားနည်းလမ်းမရှိချေ။ မည်သူ မှန်သည်၊ မှားသည်ကို ပြည်သူများအသိပင်ဖြစ်သည်။

တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိသော ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာနှင့် နိုင်ငံတော်အကျိုးစီးပွားများကို လုံခြုံစွာကာကွယ်စောင့်ရှောက်သွားရန်ပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သားများသည် တိုင်းရင်းသားပြည်သူများ လွတ်လပ်အေးချမ်းတည်ငြိမ်စွာ သွားလာလှုပ်ရှားနိုင်သည့် နေ့စဉ်နေထိုင်မှုဘဝများကို နှောင့်ယှက်ရန်မှုလာသူများ ကာကွယ်တားဆီး ဖယ်ရှားရှင်းလင်းတိုက်ထုတ်ချေမှုန်းနှိမ်နင်းရန်အတွက် အသက်ခန္ဓာအပ်နှင်း၍ တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

ဆိုရလျှင် မြန်မာနိုင်ငံတွင် လက်နက်ကိုင်သောင်းကျန်းသူများသည် လွတ်လပ်ရေးမရမီကာလ ကတည်းကပင်ပေါ်ပေါက်လာခဲ့သည်။ အစိုးရအဆက်ဆက်သည် တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းခဲ့ကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် လက်နက်ကိုင်အဖွဲ့များကို တံခါးဖွင့်ကမ်းလှမ်းထားလျက်ရှိသည်။

ထိုသို့သောအခြေအနေမျိုးတွင် KIA ၊ MNDAA ၊ TNLA ပူးပေါင်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် အရှေ့မြောက်ဒေသရှိ မြို့တချို့နှင့်ဖောင်းဆိုင်ဒေသများ၊ ကွမ်းလုံ၊ ချင်းရွှေဟော်နှင့် လောက်ကိုင်စသည့်နယ်စပ်ဒေသများသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်၍ နယ်မြေခံတပ်ရင်းဌာနချုပ်နှင့်နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်နှောင့်ယှက်ပစ်ခတ်ခြင်း၊ အေးချမ်းစွာစီးပွားရှာလျက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူများကို အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်းနှင့် နယ်စပ်ဒေသကုန်သွယ်ရေး ပျက်စီးစေရန်နှင့် လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရေး စသည့် နိုင်ငံတော်ပျက်စီးစေလိုသော ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် KIA အဖွဲ့အနေဖြင့်လည်း ကချင်ပြည်နယ်အတွင်း စစ်ရေးနှင့်မသက်ဆိုင်သော လမ်း၊ တံတားများကို ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်လာလျက်ရှိသည်။

ထို့ကြောင့် တပ်မတော်သည် အကြမ်းဖက်တိုက်ခိုက်လာသည့် KIA ၊MNDAA ၊ TNLA လက်နက်ကိုင်အဖွဲ့အစည်းများကို တန်ပြန်ချေမှုန်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များကလည်း အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည်။ စင်စစ်အားဖြင့် တပ်မတော်သားများသည် တိုင်းပြည်အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကာကွယ်ရေးအတွက် အသက်ခန္ဓာပေးဆပ်ရန် အခိုင်အမာဆုံးဖြတ်ထားပြီးဖြစ်သည်။ ထို့ပြင် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်လည်း လိုအပ်သလိုဆောင်ရွက်သွားရန် အခိုင်အမာဆုံးဖြတ်ထားပြီးဖြစ်သည်။ မည်သို့ပင်ဆိုစေ တိုင်းပြည်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ သာယာဝပြောရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများကို တန်ပြန်တိုက်ခိုက် ချေမှုန်းလျက်ရှိသော ပြည်ထောင်စုဖွား တပ်မတော်သားများ၏ တရားသောစစ်ပွဲသည် ဧကန်မုချအောင်မြင်မည်ဟု အခိုင်အမာယုံကြည်မိပါတော့သည်။

# မြို့သစ်မြို့နယ်၌ ပေပင်ရိုး-ပုဂံမျှော် ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**မြို့သစ် နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ပေပင်ရိုး-ပုဂံမျှော် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်နိုင်ဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ပေပင်ရိုး-ပုဂံမျှော် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်နိုင်ဦးက ကွန်ကရစ်လမ်းကို သတ်မှတ်ချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မြို့သစ်မြို့နယ်၌ ပေပင်ရိုး-ပုဂံမျှော် ကျေးရွာချင်းဆက်လမ်း အရှည် ၆ ဒသမ ၁၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၀၃ ဒသမ ၇၉၁ သန်းဖြင့် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းပြီးစီးပါက ပေပင်ရိုးကျေးရွာ၊ ပုဂံမျှော်ကျေးရွာနှင့် ဆည်ရွာကျေးရွာရှိ အိမ်ခြေ ၄၄၂ အိမ်၊ လူ ၂၁၉၇ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားလူမှုရေးကိစ္စများအတွက် ရာသီမရွေး လွယ်ကူစွာသွားလာနိုင်မည်ဖြစ်ပြီး ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ယဉ်လေး**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ် (၇၆၆) မြောက်ဂူနီဘုရားတွင် အနေကဇာတင်လှူပွဲပြုလုပ်



**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက မွမ်းမံပူဇော်ခွင့်ရထားသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ် (၇၆၆) မြောက်ဂူနီဘုရားတွင် နှစ်စဉ်ပြုလုပ်သည့် အနေကဇာတင်လှူပွဲကို နိုဝင်ဘာ ၅ ရက်က ပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ ဘုရားအမှတ် (၇၆၆) မြောက်ဂူနီဘုရားတွင် အနေကဇာတင်ခြင်းနှင့် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်းတို့ကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အမှုဆောင်များ တက်ရောက်ကုသိုလ်ယူကြကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင်၊ အနုပညာရှင် ညီအစ်ကိုမောင်နှမတွေရဲ့ စုပေါင်းကုသိုလ်ဖြစ်တဲ့ မြောက်ဂူနီဘုရားမှာ နှစ်စဉ်ပြုလုပ်နေကျ အနေကဇာတင်ပွဲမှာ ပင့်သံဃာငါးပါးအား ဆွမ်းကပ်လှူပြီးတော့ ကထိန်သင်္ကန်း၊ နဝကမ္မအလှူငွေ လှူဒါန်းခဲ့ပါတယ်။ မြောက်ဂူနီဘုရားကြီးကိုလဲ ရွှေကြာသင်္ကန်းကပ်လှူခဲ့ပါတယ်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဗဟိုအလုပ်အမှုဆောင်တွေ သွားရောက်ပြီးတော့ ကုသိုလ်ယူဆောင်ရွက်ကြတာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြောက်ဂူနီဘုရားသည် နရသီဟပတေ့မင်းလက်ထက် အေဒီ ၁၁၉၀ ခန့်တွင် မိဖုရားဖွားစောတည်ထားကိုးကွယ်ခဲ့သည့် ဘုရားတစ်ဆူဖြစ်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်များနှင့် ရုပ်ရှင်လောကသားများက ၁၉၉၇ ခုနှစ်တွင် ပြန်လည်ပြင်ဆင်မွမ်းမံပူဇော်ထားသည့် ဘုရားတစ်ဆူလည်းဖြစ်ကြောင်း သိရသည်။

ASH

# Pet Sematary:Bloodlines Paramount အွန်လိုင်းရုပ်သံလိုင်း၏ ကြည့်ရှုမှုအများဆုံးဇာတ်ကားအဖြစ် စံချိန်တင်

**နယူးယောက် နိုဝင်ဘာ ၆**

Pet Sematary: Bloodlines ဇာတ်ကားသည် Paramount အွန်လိုင်းရုပ်သံလိုင်း၏ ကြည့်ရှုမှု အများဆုံးဇာတ်ကားအဖြစ်စံချိန်တင်ခဲ့ကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

Pet Sematary: Bloodlines သည် စတင်ထုတ်လွှင့်ပြသခဲ့ပြီး တစ်လကျော်အတွင်း Paramount အွန်လိုင်းရုပ်သံလိုင်း၏ ကြည့်ရှုမှုအများဆုံးဇာတ်ကားဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း၊ Pet Sematary: Bloodlines ဇာတ်ကားကို စက်တင်ဘာ ၂၃ ရက်တွင် စတင်ထုတ်လွှင့်ပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် Pet Sematary(2023) ဇာတ်ကား၏ ဇာတ်လမ်းနောက်ခံကာလမတိုင်မီ ဖြစ်စဉ်များကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ကမ္ဘာကျော် အမေရိကန်စာရေးဆရာ စတီဖင်ကင်း၏ Pet Sematary: Bloodlines ထိတ်လန့်သည်းဖိုဝတ္ထုကိုပင် ရုပ်ရှင်အဖြစ်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# ကျိုက်မရောမြို့နယ်တွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ပူဇော်ပွဲနှင့် မြို့လုံးကျွတ် ဆွမ်းအိုးမျှောပွဲကို တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပမည်

**ကျိုက်မရော နိုဝင်ဘာ ၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တမထေရ်မြတ်အား ပူဇော်ပွဲနှင့် မြို့လုံးကျွတ်ဆွမ်းအိုးမျှောပွဲကို လာမည့် တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒေါ်မိရွှေစင်သိန်းက ပြောပြ၍ သိရသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တမထေရ်မြတ်အား ပူဇော်ပွဲနှင့် မြို့လုံးကျွတ်ဆွမ်းအိုးမျှောပွဲကို အတ္တရံမြစ်ကမ်းနားတွင် တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း၊ ကျိုက်မရောမြို့နယ်အတွင်းမှ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မွန်တိုင်းရင်းသားများသာမက နီးစပ်ရာမြို့နယ်များမှလည်း လာရောက်ဆင်နွှဲကြကြောင်း သိရသည်။

"ဆွမ်းအိုးမျှောတဲ့ဓလေ့ကတော့ တောင်သမုဒ္ဒရာမှာ ကြေးပြာသာဒ်နဲ့ သီတင်းသုံးတော်မူတဲ့ ရှင်ဥပဂုတ္တမထေရ်မြတ်အား အရုဏ်တက်ချိန် ဆွမ်းအိုးတွေကို အတ္တရံမြစ်ရေတက်ချိန်မှာ မျှောပြီးတော့ ပူဇော်တာဖြစ်ပါတယ်။ အစဉ်အလာမပျက် နှစ်စဉ်ကျင်းပနေတဲ့ မွန်တိုင်းရင်းသားရိုးရာပွဲတော်တစ်ခု ဖြစ်ပါတယ်။ ဒီနှစ်မှာလဲ ပူဇော်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။ ဆွမ်းအိုးမျှောပွဲပြုလုပ်တဲ့နေ့မှာပဲ ကျိုက်မရောမြို့ရဲ့ ကျက်သရေဆောင်ဆုတောင်းပြည့်ဘုရားကြီးမှာလဲ မသိုးသင်္ကန်းရက်လှူပူဇော်ပွဲရှိပါမယ်"ဟု ဒေါ်မိရွှေစင်သိန်းက ပြောပြသည်။



ထိုသို့ ရှင်ဥပဂုတ္တမထေရ်မြတ်အား ပူဇော်ပွဲနှင့် မြို့လုံးကျွတ်ဆွမ်းအိုးမျှောပွဲ ကျင်းပရာတွင် ပထမဦးစွာ အတ္တရံမြစ်အတွင်းရှိ မဏ္ဍပ်အတွင်း ပူဇော်ထားသော ရှင်ဥပဂုတ္တမထေရ်အား ဆွမ်းခဲဘွယ်ချိုချဉ်အရသာ မျိုးစုံပါဝင်သောဆွမ်းအိုးများဖြင့် ပူဇော်ကြပြီး အဆိုပါဆွမ်းအိုးများကို တောင်သမုဒ္ဒရာတွင် ကြေးပြာသာဒ်ဖြင့် သီတင်းသုံးတော်မူသော ရှင်ဥပဂုတ္တမထေရ်မြတ်အား ကပ်လှူပူဇော်ရန် ဆွမ်းအိုးများကို မြစ်အတွင်းသို့ စုပေါင်းမျှောခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ASH

# They Follow ဇာတ်ကားရိုက်ကူးရန် NEON ရုပ်ရှင်ကုမ္ပဏီ စီစဉ်ထား

**နယူးယောက် နိုဝင်ဘာ ၆**

They Follow ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် NEON ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

They Follow ဟူ၍ အမည်ပေးထားသည့် အဆိုပါထိတ်လန့်သည်းဖိုဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ ဒေးဗစ်ရောဘတ်ဗစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

They Follow ဇာတ်ကားတွင် မူလ It Follows ဇာတ်ကားမှ မင်းသမီး မိုင်ကာမွန်ရိုး ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

လက်ရှိအချိန်တွင် They Follow ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို NEON ရုပ်ရှင်ကုမ္ပဏီက ထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

မူလ It Follows ဇာတ်ကားသည် အမျိုးသားတစ်ဦးကြောင့် မိစ္ဆာတစ်ကောင်၏ရန်နှင့် ရင်ဆိုင်ခဲ့ရသော မိန်းကလေးတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့်ဇာတ်ကားဖြစ်သည်။

They Follow ဇာတ်ကားကို ၂၀၂၄ ခုနှစ်အတွင်း ရုံတင်ပြသနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# မင်းဘူးမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရွာသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ရွာသစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၆၉၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ၁၃ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ခင်မာ**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing welcomed with guard of honour of Russian Pacific Fleet by a delegation led by Russian Navy Commander-in-Chief, who arrived in Myanmar to hold the 1st MYANMAR-RUSSIA MARITIME SECURITY EXERCISE (MARUMEX)



Senior General Min Aung Hlaing takes the salute of guard of honour.

**Nay Pyi Taw November 6**


Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing was welcomed with the guard of honour of the Russian Pacific Fleet by a delegation led by Russian Navy Commander-in-Chief Admiral Nikolai A.EVMENOV, who arrived in Myanmar to hold the 1st MYANMAR-RUSSIA MARITIME SECURITY EXERCISE (MARUMEX), this morning.

First, Senior General Min Aung Hlaing arrived at the MITT bridge of Thilawa Port, Yangon, where the welcoming ceremony would take place. The Senior General was welcomed there by Admiral Nikolai A.EVMENOV and Commander-in-Chief (Navy) Admiral Moe Aung.

The Senior General inspected the guard of honour of the Russian Pacific Fleet that welcomed and saluted him by playing the national anthems of the two countries.



Senior General Min Aung Hlaing and Admiral Nikolai A.EVMENOV exchange gifts.



Senior General Min Aung Hlaing presents commemorative gift to a Russian naval officer.

When the Senior General and party arrived on board Russian naval vessel Admiral Tributs, they were welcomed by the ship's 2nd rank captain Igor N.TOLBATOV.

Officials conducted the Senior General and party round the ship and explained the ship's mechanical facts, weapon system and its power, modern equipment, and points of anti-submarine helicopters. In response the Senior General asked for more information and gave constructive comments.

The Senior General and party posed for group documentary photos on board the naval ship.

The Senior General then signed the visitor's book of the Admiral Tributs. The Russian Navy Commander-in-Chief and the Commander-in-Chief (Navy) presented a bell and a badge commemorating the opening

See Page 14




Senior General Min Aung Hlaing poses for group documentary photo.



Senior General Min Aung Hlaing presents commemorative gift to a Russian naval officer.



Senior General Min Aung Hlaing hears a report on functions of the Russian naval vessel Admiral Tributs.

# Myanmar handicraft stores to open in promotion zones of shopping centres in Yangon Region



A Thai- Myanmar trade fair in progress.

**Yangon November 6**

Myanmar handicraft stores will be opened to revive the market in promotion areas of shopping centres in Yangon Region, according to U Thardu, patron of Myanmar Arts and Crafts Association.

During the COVID-19 outbreak, Myanmar's products made of timber, cane and bamboo were seriously hit, and such businesses resumed in 2022 but these are still struggling.

"Although our businesses are normal currently despite the worst situation during the Covid-19 period, it is not in good condition. It runs in its proper momentum. Last two years, Thai officials invited us to the ThaiMyan Trade Fair and so we displayed Myanmar handcrafts with six booths. That was their very first fair after Covid-19 so it was not crowded with visitors. But they have a stable market and they regain their market potential. We do not stand still and we are struggling. We arrange to promote the market by opening the galleries at promotion areas of Junction Square, Junction City, Junction 8 and Myanmar Plaza in Yangon," he said.

Although there are invitations to international trade fairs to introduce Myanmar's handicrafts, the people have to consider their accommodation charges, booth rental fees and causes of low sales.

ASH

# Authorities plan to carry out construction works in high schools that will teach mechanical, agriculture and livestock skills in 2024-2025 academic year

**Nay Pyi Taw November 6**

Construction work will be carried out in basic education high schools that will teach mechanical, agriculture and livestock skills in 2024-2025 academic year, according to reports from the Ministry of Education.

With the cooperation of the Ministry of Education, the Ministry of Agriculture, Livestock and Irrigation, and the Ministry of Science and Technology, 75 associate high schools that will teach mechanical, agriculture and livestock skills will be planned to open and up to 51 schools have been opened in 2023-2024 academic year and the remaining schools will continue to be opened in the 2024-2025 academic year.

Therefore, private entrepreneurs are already invited to open tenders to carry out construction works in 34 basic education high schools in the 2024-2025 academic year.

In this academic year, a total of 2,691 students are studying in 51 basic education high schools that are jointly teaching mechanical, agricultural, and livestock skills.


A basic education high school.

336

# Locals from Shwebo District increase the cultivation of peanut oilseed crops this year

**Shwebo November 6**

A total of 73,905 acres of rain-fed peanuts have been planted in Shwebo District during this year's rainy season planting, according to statistics from the Agriculture Department of Shwebo District.

It is reported that 4438 acres were expanded beyond the target area.

"This year, more than 69,000 acres of rain-fed peanuts were planted in Shwe Bo District, and we were able to grow more than 73,000 acres. Rain peanuts can be planted year by year, and the yield is good," said Daw Zar Zar Min, deputy director of the Shwe Bo District Agriculture Department.

There are 9,992 acres in Shwebo Township, 3,622 acres in Wetlek Township, 47,442 acres in Khin-U Township, and 12,849 acres in Kyaukmyaung Sub-Township, totaling 73,905 acres in Shwebo District this year for the cultivation of oilseed crops.

The department is also imparting knowledge on agricultural techniques such as agriculture using the GAP system.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# MNA runs Yangon-Myeik-Yangon flight three days a week

**Yangon November 6**

Myanmar National Airlines0MNA operates Yangon-Myeik-Yangon flight three days a week, according to the press release of the airlines.

MNA under the Ministry of Transport and Communications run Yangon-Myeik-Yangon flights on Monday, Thursday and Saturday with the use of 737-800 NG aircraft, starting from 4 November.

The airplane departs from Yangon at 12.30 pm and arrive in Myeik at 1.30 pm. It takes off from Myeik at 2 pm and arrives back in Yangon at 3 pm. At present, MNA extends its international flights. In this regard, the airlines manages Yangon-Kunming-Yangon cargo flight which started at 11.55 am on 3 November with the use of Boeing 737-400 Freighter.

The freighter carried 13,026 kilos of marine products crubs and eels in449 carbons from Yangon to Kunming and transported 13,886 kilos of textile in 673 carons from Kunming to Yangon.

In November, AirKBZ also arranged Yangon-Myeik-Yangon flight to give services to passengers for convenience and its further flights will be run on 9, 23 and 30 November.

The airlines will run Yangon-Myitkyina-Yangon flight on 5, 9, 12, 16, 19, 23 and 30 November.

336



Planes from MNA.

# Message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 68th Anniversary of Kayin State Day

**November 7, 2023**

**Esteemed national ethnic brethren and the people in Kayin State,**

On the auspicious occasion of the 68th Kayin State Day which falls on today, February 20, 2023, I wish all the ethnic brethren in Kayin State and all the national ethnic brethren across the country having a life full of happiness and prosperity.

The Kayin State Day, an auspicious occasion of the Kayin ethnic people, is annually marked with a well-attended and well-furnished event. The 7th of November, 2023 falls on the 68th anniversary of Kayin State. Kayin State is a pleasant, beautiful region full of scenery: river; creek; lake; mountain and jungle; cave; and fountain and stream and a region with lovely traditions of local ethnic people and adorable heritages of tradition and culture as well. Besides, the joyous and active Don Yein dance of Kayin ethnic people is an adorable tradition that is famous at home and abroad.

After extending the country's state of emergency for further six months, the government has been making more efforts to ensure peace and stability across the nation and restoration of normalcy. Measures are being taken with the objective of transferring responsibilities of the State to a government that will emerge through redoing an election in order to be able to build a Union based on democracy and federalism in line with the wish of all ethnic national people. Now, the State Administration Council is endeavoring amidst difficulties to ensure peace and stability and development of the nation by laying down the Five-Point Roadmap and the Nine Objectives in conformity with the state of emergency.

In accordance with the first point of the Five-Point Roadmap of the State Administration Council which says emphasis will be placed on ensuring peace and stability and the full rule of law across the whole Union, and on successfully conducting a free and fair multiparty democratic general election, measures are being taken to develop an electoral system suitable to the nation to ensure a firm, genuine and fully disciplined multiparty democracy system and build a Union based on democracy and federalism.

Similarly, as the ultimate goal of the State Administration Council is to be able to hold a free and fair multiparty democratic general election, measures will be taken by giving special consideration to ensure a general election and a strong democracy system. Thus, ethnic national people in regions and states are urged to work together to ensure peace and stability and all-round development of the nation.

It is hoped that regarding peace, good results would come out as the State Peace Talks Team and 10 EAOs, seven EAOs who have signed NCA and three EAOs who haven't, held talks on NCA reciprocally.

**Esteemed national ethnic brethren and the people in Kayin State,**

If you look at the nation's economic sector, it is seen that there are dual economies: domestic and overseas. During the COVID-19 period, the manufacturing operations were weak and there were difficulties in transportation operations. Similarly, due to the pressure and compulsion on all sides from some powerful foreign countries, domestic and overseas trade of the nation was affected and it is seen that the nation's economy had not developed as much as it should have. Amid the sanctions and destructive acts, our government made efforts to ensure that the nation's economy can stand. Efforts could be made to increase the nation's GDP growth rate from - 5.9 percent in 2019-2020 to above + 3 percent in 2021-2022. All the people and ethnic national brethren are already aware that the economy had not developed as much as it should have as the funds that should be spent for development of the nation had to be used in rehabilitation and reconstruction measures since terrorists destroyed roads and bridges, power towers and state-owned buildings during that period.

Moreover, agriculture and livestock enterprises realistically helpful to achieving successes in the measures for promoting the nation's economy are being given encouragement. Measures must be certainly taken in order that MSMEs that are the most fundamental in carrying out manufacturing operations will be successful. If the MSMEs manufacture value-added products with the use of technology, there will be more advantages. As the people's socio-economic life will be improved through operating the agro-based MSMEs already established there without leaving any outlying area within the state as well as across the nation without any gap, governments of regions and states including Kayin State are urged to take measures with a bigger picture to promote the nation's economy.

**Esteemed Kayin ethnic people and national ethnic brethren,**

The government is working on ensuring peace and stability and development of the nation and taking measures to make sure everybody will earn income through having jobs with good health and education to improve their socio-economic life and to reduce poverty. As only if the socio-economic life of each and every one of the national ethnic peoples is improved, will there be development of the nation, ministries concerned, regions and states are urged to take measures by setting goals of ensuring improvement of socio-economic life of each person of the people individually.

The government is taking measures on ensuring peace and stability and rule of law across the whole nation without leaving any gaps. However, local residents and national ethnic people in the regions with violence are experiencing the consequence of lagging behind. Due to disruption, destruction and stupidity of saboteurs and traitors having no intelligence and consideration, local people are suffering hardships. Thus, looking forward to the interests of the people, the national ethnic people are urged to work together in taking measures on counter-terrorism and peace and stability.

**Esteemed national ethnic brethren in Kayin State,**

Today is the time to develop nation-wide ceasefire and perpetual peace so as to build a Union based on democracy and federalism that the entire people want. On such an auspicious moment of Kayin State Day, national ethnic brethren in Kayin State are seriously urged to work together in all sectors of your state to be able to build a Union based on democracy and federalism.

Cooperation of national ethnic brethren living in Kayin State with great efforts in unity is a force helpful to ensuring peace and stability and development of the region. Therefore, I am sending this message to the 68th Anniversary of Kayin State Day wishing you all being persons who serve the interests of the local residents, the nation and the citizens.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

---

**From Page 12**

ceremony of the 1st MYANMAR-RUSSIA MARITIME SECURITY EXERCISE (MARUMEX).

The Senior General presented a commemorative badge of the Commander-in-Chief of Defence Services to the captain of the naval ship.

The Senior General and the Russian Navy Commander-in-Chief exchanged commemorative gifts.

Later, the Senior General and party attended the luncheon held in their honour by the Russian Navy Commander-in-Chief. The Russian naval music band played songs before and during the luncheon.

After the luncheon, the Senior General presented honourary cash award to the music band and foodstuff manufactured by Defence Services Industries of the Tatmadaw and fruits for officers and other ranks of the ship through the ship captain.


When the Senior General left the ship, he was saluted and seen off by the vessel's guard of honour.

The visiting Russian Pacific Fleet included its commander Captain 1st Rank Aleksei Anciferov and officers and other ranks. During the stay, the Tatmadaw culture troupe and the Russian naval music band will stage joint entertainment programs in commemoration of Myanmar-Russia friendship, the Russian naval personnel will visit the significant places in Yangon, and hold bilateral goodwill sports events and the 1st MYANMAR-RUSSIA MARITIME SECURITY EXERCISE (MARUMEX).

Vessels of Tatmadaw (Navy) and the Russian Pacific Fleet will hold naval drills at the sea 85 miles west of Myeik from 7 to 9 November. 100

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တောင်ကိုရီးယားနှင့်အမေရိကန်တို့ ချူကလီးယားလက်နက် ၁၀၀ ခန့်ထိ အဆင့်မြှင့်တင်ရေးပူးပေါင်းဆောင်ရွက်



မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုကို တန်ပြန်လုပ်ဆောင်ရာတွင် တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးစွမ်းအားအားကောင်းလာစေရန်အတွက် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ နည်းဗျူဟာမြောက် ချူကလီးယားလက်နက် ၁၀၀ ခန့်ထိ အဆင့်မြှင့်တင်ရေးကို ပူးပေါင်းဆောင်ရွက်သင့်သည်ဟု အောက်တိုဘာ ၃၁ ရက်တွင် RT သတင်းဌာနက ရေးသားဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံလုံခြုံရေးကို ခြိမ်းခြောက်လာနိုင်သည့် ချူကလီးယားလက်နက်အင်အားကို ပိုင်ဆိုင်ထားပြီးဖြစ်ရာ အမေရိကန်ကို အလားတူခြိမ်းခြောက်မှုမျိုး ပြုလုပ်လာနိုင်ရန်မှာလည်း နီးကပ်နေပြီဟု Asan Institute for Policy Studies အဖွဲ့မှ ကိုရီးယား (ကိုရီးယားသမ္မတနိုင်ငံ) ချူကလီးယားအာမခံချက် ခိုင်မာအားကောင်းလာစေရန် ရွေးချယ်မှုများ ခေါင်းစဉ်ဖြင့် အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ လေ့လာမှုအစီရင်ခံစာကို အမေရိကန်စစ်ဘက်ဆိုင်ရာ လုပ်ငန်းစည်းရုံးရေးအဖွဲ့ (RAND) ကော်ပိုရေးရှင်းနှင့် ပူးပေါင်းပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ ချူကလီးယားလက်နက် ၁၀၀ ခန့်ကို တောင်ကိုရီးယားနိုင်ငံဘက်က ကုန်ကျစရိတ်ကျခံ၍ ခေတ်မီအောင် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်သင့်သည်ဟု လေ့လာမှုအစီရင်ခံစာက အကြံပြုထားပြီး ၎င်းလက်နက်တို့ကို အမေရိကန်မြေပေါ်တွင် တပ်ဖြန့်ထားသင့်သော်လည်း တောင်ကိုရီးယား၏ စစ်ရေးလိုအပ်ချက်များတွင် လျှင်မြန်စွာဖြန့်ကြက်အသုံးပြုနိုင်ရန် ပြင်ဆင်ထားသင့်ကြောင်း အကြံပြုထားသည်။

"မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ဟာ အနည်းဆုံး ချူကလီးယားလက်နက် အရေအတွက် ၃၀၀ ကနေ ၅၀၀ ထိ ပိုင်ဆိုင်နိုင်ဖို့ စီစဉ်နေပုံရပြီး ၂၀၃၀ ပြည့်နှစ်မှာ မြောက်ကိုရီးယားပိုင်ဆိုင်တဲ့ ချူကလီးယားစွမ်းအားသုံး လက်နက် ၃၀၀ ကျော်လာနိုင်တယ်"ဟု လေ့လာချက်အစီရင်ခံစာတွင် ရေးသားထားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိ ချူကလီးယားစွမ်းရည်ဖြင့် တောင်ကိုရီးယားနိုင်ငံသို့ ပစ်လွှတ်မည်ဆိုပါက လူဦးရေနှစ်သန်းခန့် သေဆုံးနိုင်သည့် ချူကလီးယားလက်နက်များ ပါဝင်သည်။ မြောက်ကိုရီးယားသည် တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ မဟာမိတ်ဆက်ဆံရေးကို စမ်းသပ်ရန် ၎င်း၏ချူကလီးယားလက်နက်ကို အသုံးပြုမည့် ရည်မှန်းချက်ရှိကြောင်း၊ မြောက်ကိုရီးယားသည် တောင်ကိုရီးယားကို ကျူးကျော်ရန်မလိုဘဲ စိုးမိုးရန်သာ မျှော်လင့်ထားကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံဘက်က ၎င်း၏ ချူကလီးယားလက်နက်အစီအစဉ်ကို လျှော့ပေါ့လာစေရေးဖိအားပေးရန် လုပ်ငန်းစဉ်တစ်ရပ်ကို တောင်ကိုရီးယားဘက်က ချမှတ်လုပ်ဆောင်ရာတွင် အမေရိကန်ချူကလီးယားလက်နက်အချို့ကို ရှုပ်ပြသက်သက်နှင့် စစ်ဆင်ရေးဆိုင်ရာရည်ရွယ်ချက်များအတွက် ဖြန့်ခွဲထားရှိခြင်းဖြင့်ဖြစ်စေ၊ ပစိဖိတ်သမုဒ္ဒရာရှိ အမေရိကန် ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောတစ်စီးပေါ်တွင် ချူကလီးယားလက်နက်များအင်အားပြည့် တင်ဆောင်ထားခြင်းဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း တင်ဆောင်ထားခြင်းမျိုး လုပ်ဆောင်သင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုထားသည်။

ဧပြီလတွင် မြောက်ကိုရီးယား၏ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှု အကြိမ်ရေများလာချိန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးတို့သည် တောင်ကိုရီးယားနှင့် မိတ်ဖက်ဆက်ဆံရေးကို သက်တမ်းတိုးရန် သဘောတူညီခဲ့ကြသည့် အမေရိကန် ကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

မြောက်ကိုရီးယားသည် ယခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်မှုအများအပြားကို ပြုလုပ်ခဲ့သည်။ ထိုစမ်းသပ်မှုများထဲတွင် တိုက်ချင်းပစ်ဒုံးကျည် (ICBM) အပါအဝင် ဒုံးကျည်စမ်းသပ်မှု အများအပြားကို ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။ တစ်ဖက်ကလည်း အမေရိကန်နှင့် တောင်ကိုရီးယား ရေကြောင်းပူးတွဲစစ်ရေးလေ့ကျင့်မှုများ တိုးမြှင့်လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**US should commit 100 nuclear weapons to defend South Korea – lobbyists ကို ဘာသာပြန်ဆိုထားပါသည်။**

---

## ယူကရိန်းတပ်ဖွဲ့များ၏ တန်ပြန်ထိုးစစ်ဆင် ကြိုးပမ်းလုပ်ဆောင်နေမှုများ အချည်းနှီးသာဖြစ်ဟု ရုရှားကာကွယ်ရေးဝန်ကြီး ပြောကြား

ယူကရိန်းတပ်ဖွဲ့များ၏ ရှေ့တန်းတွင် တန်ပြန်ထိုးစစ်ဆင် ကြိုးပမ်းလုပ်ဆောင်နေမှုများသည် အချည်းနှီးသာဖြစ်နေသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုဂူက ပြောကြားခဲ့ကြောင်း နိုဝင်ဘာ ၁ ရက်တွင် RT သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

NATO အဖွဲ့ဝင်နိုင်ငံများက စစ်လက်နက်အမျိုးအစားသစ်များထောက်ပံ့ပေးနေသော်လည်း ယူကရိန်းအစိုးရသည် ဆုံးရှုံးမှုများ ကြုံတွေ့နေရဆဲဖြစ်ကြောင်း၊ ရုရှားတပ်ဖွဲ့များသည် တိုက်စစ်အသွင်ယူထားသည့်ခံစစ်ကို ကျင့်သုံးဖော်ဆောင်နေပြီး ရန်သူစစ်ရေးစွမ်းအားစုများကို ထိရောက်စွာချေမှုန်းဖျက်ဆီးလျက်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက နိုဝင်ဘာ ၁ ရက်က ပြုလုပ်သည့် အစိုးရအစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုဂူက ရုရှားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များ၏ အောင်မြင်မှုများဖြစ်သည့် ပြီးခဲ့သည့်လက ယူကရိန်းတို့၏ လေကြောင်းခြိမ်းခြောက်မှု ဝေဟင်ပစ်မှတ် ၁၄၀၀ ကို အောင်မြင်စွာကြားဖြတ်ဟန့်တားနိုင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါပစ်မှတ်များတွင် လေယာဉ် ၃၇ စင်းနှင့် ATACMS နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည် ခြောက်စင်းတို့ ပါဝင်သည်။ ယူကရိန်းအစိုးရ၏ စစ်ရေးအကူအညီတောင်းခံမှုကို လအတန်ကြာ တောင်းဆိုမှုများပြုလုပ်ခဲ့ပြီးနောက် အောက်တိုဘာလအစောပိုင်းတွင် အမေရိကန်က ATACMS ဒုံးကျည်များ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆာဂျီရှိုဂူက အနောက်နိုင်ငံများက ယူကရိန်းကို ထောက်ပံ့ပေးမည်ဟုကတိပြုထားသည့် F-16 တိုက်လေယာဉ်အရေအတွက်နှင့် ရုရှားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက ပစ်ချနိုင်ခဲ့သည့် လေယာဉ်အရေအတွက်ကို နှိုင်းယှဉ်၍ တွက်ချက်ပြခဲ့ပြီးနောက် ယူကရိန်းကို ပေးအပ်ရန် ကတိပြုထားသည့် F-16 တိုက်လေယာဉ်များကို တိုက်ခိုက်ဖျက်ဆီးရန်မှာ ရုရှားနိုင်ငံအတွက် ရက်ပေါင်း ၂၀ ခန့်သာ လိုအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အနောက်နိုင်ငံများသည် ယူကရိန်းကို ပံ့ပိုးကူညီမည်ဟု ကတိပြုထားသော်လည်း ၎င်းတို့၏ကတိအတိုင်း လုပ်ဆောင်နိုင်စွမ်းမှာ မေးခွန်းထုတ်စရာ ဖြစ်နေဆဲဖြစ်သည်။ ပြီးခဲ့သောလတွင် ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်းပဋိပက္ခသည် အစ္စရေးနိုင်ငံထံမှ စစ်လက်နက်များ ဝယ်လိုအားမြင့်တက်စေခဲ့ပြီး အနောက်နိုင်ငံများ၏ စစ်ရေးအကူအညီကိုရယူရန် ယူကရိန်းအတွက်မျှော်လင့်ချက်မှာ နည်းပါးခဲ့ရတော့သည်။



ယူကရိန်းကိုကူညီရန်သည် အမေရိကန်လွှတ်တော်တွင် အငြင်းအခုံဖြစ်လာခဲ့သည်။ အောက်တိုဘာ ၃၀ ရက်က ပြန်လည်သုံးသပ်ရန် ပယ်ချခဲ့သောဥပဒေကြမ်းသည် အစ္စရေးအတွက် သီးခြား အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃ ဘီလီယံပံ့ပိုးသွားရန် အဆိုပြုထားခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အဆိုပါဥပဒေကြမ်းတွင် ယူကရိန်းအတွက် ရန်ပုံငွေမပါဝင်ပါက ဗီတိုအာဏာသုံး၍ ငြင်းဆိုမည်ဖြစ်သည့်အပြင် အစ္စရေးအတွက် ရီပတ်ဘလစ်ကန် ကျောထောက်နောက်ခံပြု စစ်ဘက်ဆိုင်ရာ အကူအညီပေးရေးအစီအစဉ်တွင်လည်း လက်မှတ်ရေးထိုးရန်ငြင်းဆိုမည်ဖြစ်ကြောင်း အိမ်ဖြူတော်၏ဘတ်ဂျက်ရုံးမှ သိရသည်။

**'Ukraine is losing' – Russian defense minister ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၇ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ကျရောက်သည့်(၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်လူမျိုးတို့၏ နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ၆၈ နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ကရင်ပြည်နယ်သည် သဘာဝအလှတရားများဖြစ်သည့် မြစ်ချောင်းအင်းအိုင်များနှင့် တောတောင်များ၊ လိုဏ်ဂူများ၊ ရေတံခွန်စိမ့်စမ်းများ၊ ရိုးသားဖြူစင်သည့် ဒေသခံတိုင်းရင်းသားတို့၏ ချစ်ခင်နှစ်သက်ဖွယ် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ မြတ်နိုးဖွယ်ရာရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် သာယာလှပသော ဒေသတစ်ခုဖြစ်ပါသည်။ ထို့ပြင် ကရင်တိုင်းရင်းသားတို့၏ ရှင်မြူးတက်ကြွဖွယ် ကရင်ဒုံးယိမ်းအကနှင့် ဖားစည်သံတို့သည် ပြည်တွင်း၌သာမက ပြည်ပကပါ နှစ်သက်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့တစ်ခုအဖြစ်ထင်ရှားလှပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ခြောက်လသက်တမ်းတိုးပြီးချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် ပိုမိုကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ရွေးကောက်ပွဲပြန်လည်ကျင်းပပြုလုပ်၍ ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်တာဝန်ပြန်လည်လွှဲပြောင်းပေးနိုင်ရန် ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခက်အခဲများအကြားမှ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ ပထမအချက်တွင် **"လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"** ဆိုသည့် သတ်မှတ်ချက်နှင့်အညီ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မိမိတို့နိုင်ငံနှင့် ကိုက်ညီသင့်တော်သည့် ရွေးကောက်ပွဲစနစ် တည်ဆောက်မှုပုံစံတို့ဖြင့် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်သည့်အတွက် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားမိဘပြည်သူများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါသည်။

NCA နှင့်ပတ်သက်၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့သည် ငြိမ်းချမ်းရေးအတွက် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည့်အတွက် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ရလဒ်ကောင်းများထွက်ပေါ်လာမည်ဟု မျှော်လင့်ရပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်၏စီးပွားရေးကဏ္ဍကို ကြည့်မည်ဆိုလျှင် ပြည်တွင်းစီးပွားရေးနှင့် ပြည်ပစီးပွားရေး နှစ်ခုရှိပြီး ကိုဗစ်ကာလအတွင်း ကုန်ထုတ်လုပ်မှုများ အားနည်းခဲ့သည့်အပြင် ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းရပ်များတွင်လည်း အခက်အခဲများဖြစ်ပေါ်ခဲ့ရပါသည်။ အလားတူ ပြည်ပနိုင်ငံကြီးအချို့၏ ဘက်ပေါင်းစုံမှ ဖိအားပေးအကျပ်ကိုင်မှုများကြောင့် ပြည်တွင်းပြည်ပကုန်သွယ်ရေးများကိုလည်း ထိခိုက်စေခဲ့ပြီး နိုင်ငံ့စီးပွားတိုးတက်သင့်သလောက်မတိုးတက်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ မိမိတို့အစိုးရအနေဖြင့် ဝိုင်းဝန်းပိတ်ဆို့မှု၊ ဖျက်လိုဖျက်ဆီးလုပ်မှုများအကြားမှ နိုင်ငံ့စီးပွားရေးကို

> **ယခုကဲ့သို့ ထူးမြတ်သည့် ကရင်ပြည်နယ်နေ့အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများကလည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မိမိတို့ပြည်နယ်အတွင်း ကဏ္ဍအားလုံး၌ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်း. . .**

ရပ်တည်နိုင်အောင်ကြိုးပမ်းခဲ့ရပါသည်။ ၂၀၁၉-၂၀၂၀ တို့တွင် နိုင်ငံ GDP တိုးတက်မှု အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၂၁-၂၀၂၂ တွင် အပေါင်း ၃ ရာခိုင်နှုန်းအထက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းကာလအတွင်း၌ လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ ပြည်သူပိုင်အဆောက်အအုံများကို အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့မှုကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်သုံးရမည့် ဘဏ္ဍာငွေများကို ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၌ သုံးခဲ့ရသဖြင့် စီးပွားရေးတိုးတက်မှုရသင့်သလောက်မရခဲ့သည်ကို တိုင်းရင်းသားမိဘပြည်သူများအားလုံး သိရှိပြီးဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတော်၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSMEလုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာများနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် တခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားလုံးအမြင်ကျယ်ကျယ် ရှုမြင်သုံးသပ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်တိုင်းရင်းသားများနှင့် မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက်လည်း လူတိုင်းကျန်းမာရေးကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရန်၊ ဆင်းရဲမှုလျှော့ချနိုင်စေရန်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်း၏ လူမှုစီးပွားဘဝတိုးတက်ရေးကို ဦးတည်ချက်ထားဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။

မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တစ်နိုင်ငံလုံး တစ်ပြေးညီအကြားအလပ်မရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း အကြမ်းဖက်မှုများရှိနေသည့်နယ်မြေများတွင် ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်၍ မရသည့်အတွက် နောက်ကျကျန်ခဲ့ခြင်းအကျိုးဆက်ကို နယ်မြေခံလူထုနှင့် တိုင်းရင်းသားပြည်သူများက ခံစားနေရလျက်ရှိပါသည်။ အသိဉာဏ်ဆင်ခြင်မှုတရားကင်းမဲ့သော အဖျက်သမား၊ သစ္စာဖောက်များ၏နှောင့်ယှက်ဖျက်ဆီးမိုက်မဲမှုများကြောင့် ဒေသခံပြည်သူများအနေဖြင့် ဆင်းရဲဒုက္ခများစွာခံစားနေကြရပါသည်။ သို့ဖြစ်၍ တိုင်းရင်းသားပြည်သူလူထုအနေဖြင့် ဒေသအကျိုး၊ နယ်မြေအကျိုး၊ ပြည်သူအကျိုးကိုကြည့်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့အချိန်အခါကာလသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ပါသည်။ **ယခုကဲ့သို့ ထူးမြတ်သည့် ကရင်ပြည်နယ်နေ့အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများကလည်း ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မိမိတို့ပြည်နယ်အတွင်း ကဏ္ဍအားလုံး၌ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်း**အပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။ ထို့ကြောင့် ကရင်ပြည်နယ်ကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်းနှင့် ပြည်နယ်သူ၊ ပြည်နယ်သားများ၏ အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားအကျိုး သယ်ပိုးထမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"မစားရသည့်အမဲ သဲနှင့်ပက်ကြသူများ"**ခေါင်းစဉ်ဖြင့် ၈-၁၁-၂၀၂၃ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တက်ဖို့ အမြဲချောင်းနေတဲ့ ကုန်ဈေးနှုန်း"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဆောင်းဆီထွက်သီးနှံနေကြာမျိုးစေ့၊ မြေဩဇာများပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၆**

ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့၊ မြေဩဇာများပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် ထောင်ဝိကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမှာစကားပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က တောင်သူများကို နေကြာမျိုးစေ့နှင့်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ်ဖလား လှေလှော်ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့က အမှာစကားပြောကြားပြီး ကရင်၊ ပအိုဝ်း၊ ရှမ်း၊ မွန်၊ ဗမာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များကို တစ်ဖွဲ့လျှင်ငွေကျပ် ၁၀ သိန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၅၀ ထောက်ပံ့ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ရှိသည့် နားလည်မှုစာချွန်လွှာ သုံးစောင် လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေးအတွက် အထောက်အကူပြုနိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား"မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects -QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာသုံးစောင် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် "မြန်မာနိုင်ငံ အလယ်ပိုင်း၊ အပူပိုင်းဇုန်ဒေသရှိ မိုးခေါင်ရေရှားကျေးရွာများတွင် ဆိုလာစွမ်းအင်ဖြင့် ရေပေးဝေရေးစီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ"နှင့် "ဌာနဆိုင်ရာ အီလက်ထရောနစ် စာကြည့်တိုက်စီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ"တို့ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြပြီး "ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ အသေးစား လေစွမ်းအင်ဖြင့် ကျေးလက်ဒေသများ လျှပ်စစ်မီးပေးရေးစီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီနှင့် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြသည်။

စုစုပေါင်းစီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ရှိသည့် အဆိုပါ နားလည်မှုစာချွန်လွှာသုံးစောင် လက်မှတ်ရေးထိုးခြင်းဖြင့် အပူပိုင်းဇုန်မိုးခေါင်ရေရှားသည့်ဒေသများတွင် ဆိုလာစွမ်းအင်ဖြင့် သန့်ရှင်းသောရေ လုံလောက်စွာပေးဝေနိုင်ခြင်း၊ အီလက်ထရောနစ်စာကြည့်တိုက်တည်ထောင်နိုင်ခြင်းနှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများကို လေစွမ်းအင်ဖြင့် လျှပ်စစ်မီးပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပြီး မြန်မာ-အိန္ဒိယနှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

Quick Impact Project (QIP)သည် စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးခွင့်ပြုပေးပြီး အလားတူစီမံချက်များကို မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်လှူဒါန်း




**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။**

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသိဒ္ဓိခန်းမ၌ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စေတနာရှင်အလှူရှင်များက စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀၀၈ သိန်းနှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



**အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ လှူဒါန်းထားသည့် စားသောက်ဖွယ်များကို လားရှိုးမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။**

အလားတူ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်း၌ စေတနာရှင်အလှူရှင်များက စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၇၆၂ သိန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ထို့ပြင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ယနေ့နံနက်ပိုင်းတွင် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို လားရှိုးမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၆**

ပထမအကြိမ် မြန်မာ-ရုရှားရေကြောင်း လုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း၏ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EV-MENOV နှင့် နှစ်နိုင်ငံရေတပ်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့်၌ နှစ်နိုင်ငံရေတပ်စစ်ရေးပြတပ်ခွဲများ၏အလေးပြုခြင်းကို ခံယူပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအလံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အလံတော်တို့ကို နိုင်ငံတော်သီချင်းများတီးမှုတ်၍ အလေးပြုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့်ရုရှားရေတပ်ဦးစီးချုပ်တို့သည် လေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနား အဖွင့်အမှာစကားများအသီးသီးပြောကြားခြင်း၊လေ့ကျင့်ခန်းအထိမ်းအမှတ် အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ခြင်း၊ မြန်မာ-ရုရှား ရေကြောင်း လုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း ဖွင့်လှစ်ကြောင်းကြေညာခြင်းနှင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။မြန်မာ-ရုရှားရေကြောင်း လုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းတွင် တပ်မတော်(ရေ) နှင့် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်၊ စစ်ရေယာဉ်များသည် ရုရှားရေတပ်မှ စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့်ပူးပေါင်း၍ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန် ကာကွယ်ရေးလေ့ကျင့်ခန်းများ၊ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းများဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလေ့ကျင့်ခန်းအတွင်း နှစ်နိုင်ငံရေတပ်မှ အရာရှိ၊စစ်သည်များ ပါဝင်လေ့ကျင့်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။




ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOVတို့ ပထမအကြိမ် မြန်မာ-ရုရှားရေကြောင်း လုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EV-MENOVတို့ နှစ်နိုင်ငံရေတပ်စစ်ရေးပြတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူစဉ်။




မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ရုရှားရေတပ်ဦးစီးချုပ်အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ ရုရှားစစ်ရေယာဉ်ပေါ်တွင်ပြုလုပ်သည့် ညစာစားပွဲတက်ရောက်



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOVအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည့်ညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်သည် နိုဝင်ဘာ ၄ ရက် ညပိုင်း၌ Admiral Nikolai A.EVMENOV ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့က နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း ပြည်သူဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၊တပ်မတော်(ရေ)သံစုံတီးဝိုင်းအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့တို့က တေးသီချင်းများ၊ အကပဒေသာများနှင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အလားတူ နိုဝင်ဘာ ၅ ရက် ညပိုင်းတွင်လည်း ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့် အဖွဲ့ဝင်များသည် ရုရှားစစ်ရေယာဉ် Admiral Tributs ပေါ်သို့တက်ရောက်လေ့လာကြည့်ရှုပြီး ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV က ရုရှားစစ်ရေယာဉ် Admiral Panteleev ပေါ်တွင် အပြန်အလှန်တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်၌ ဆက်လက်ဖျော်ဖြေ

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော် အကြားချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေရန် ရည်ရွယ်၍ မြန်မာ-ရုရှားနှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ ဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးH.E.Mr. IskandarAzizov၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များတက်ရောက်ကြည့်ရှုအားပေးကြသည်။





မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်၌ ဖျော်ဖြေစဉ်။




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ကို ဂုဏ်ပြုပန်းခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်စဉ်။

ဖျော်ဖြေပွဲတွင် မြန်မာ- ရုရှားနှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့တို့မှ အနုပညာရှင်များက ဖျော်ဖြေကြရာ ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့က ရုရှားသီချင်းများ၊ အကအလှများအပါအဝင် မြန်မာတေးသီချင်းကိုလည်းကောင်း၊မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့ မြဝတီတေးဂီတအဖွဲ့က ဆန်းသစ်လှပပုဂံယိမ်းအက အပါအဝင် ရုရှားတေးသီချင်းဖြစ်သည့် Katyuhaသီချင်းနှင့် Kalinkaတေးသီချင်းတို့ကို မြန်မာ့ရိုးရာတူရိယာပစ္စည်းများ၊ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် မြိုင်ဆိုင်စွာတီးခတ်ပြီး ရုရှားတေးသီချင်းဖြစ်သည့် ArThi Na Si Me Yar ကိုသီဆို၍ လည်းကောင်း အသီးသီးဖျော်ဖြေ တင်ဆက်ကြသည်။

ဖျော်ဖြေမှုများအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ကို လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့ မြဝတီတေးဂီတအဖွဲ့ကို လည်းကောင်း ဂုဏ်ပြုပန်းခြင်းများနှင့် လက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး နှစ်နိုင်ငံယဉ်ကျေးမှုအဖွဲ့များနှင့်အတူ အမှတ်တရ စုပေါင်းဓါတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်( ကြည်း၊ ရေ၊ လေ ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

၂၀၂၃ ခုနှစ် အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဒုတိယအဆင့် အုပ်စုပတ်လည်(က) အဆင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကိုကြည့်ရှုအားပေးကြသည်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

အဆိုပါအကြိမ်(၆၀)မြောက်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲကို (က) အဆင့် အသင်း ၁၆ သင်းဖြင့် အောက်တိုဘာ ၂၀ ရက်မှစ၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိဇုန်လေးဇုန်၌ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများတွင် ဇုန်အသီးသီးအလိုက် ပထမနှင့် ဒုတိယရရှိကြသည့် (က) အဆင့် ရှစ်သင်းနှင့် ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲမှ စတင်ယှဉ်ပြိုင်ကစားမည့် (ခ) အဆင့် ရှစ်သင်း စုစုပေါင်း ၁၆ သင်းတို့ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲမှစ၍ အကြိုဗိုလ်လုပွဲ၊ တတိယနေရာလုပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေးကြေညာ

၁။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို နိုဝင်ဘာ ၇ ရက်မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm), Facebook Page (Ministry of Health, Myanmar)၊ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏Website (www.hrh.gov.mm)နှင့်သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို နိုဝင်ဘာ ၂၃ ရက်တွင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် နိုဝင်ဘာ ၁၆ ရက်မှစတင်၍ (စနေနှင့်တနင်္ဂနွေနေ့များ အပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
**၆-၁၁-၂၀၂၃**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။ အဆိုပါနယ်လှည့်အထူးကုဆေးအဖွဲ့သည် ချောင်းဝရွာရှိ Cyclone Shutter ၌ အခြေပြု၍ အဆိုပါရွာနှင့် ပတ်ဝန်းကျင်ရွာများမှ ဒေသခံပြည်သူ ၁၁၂၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၉၂ ဦး၊ ခွဲစိတ်ရောဂါ ၉၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၅၉ ဦး၊ ကလေးရောဂါ ၅၆ ဦး၊အရိုးရောဂါ ၁၀၆ ဦး၊ နား၊ နှာခေါင်း၊လည်ချောင်းရောဂါ ၇၁ ဦး၊မျက်စိရောဂါ ၂၂၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၁၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ် လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၁ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူတစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ မြို့နယ်၊ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဟင်္သာတမြို့ရှိ လယ်တော်ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍မြို့ပေါ်ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူဦးရေ ၅၈၀ ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၄၂ ဦး၊ ခွဲစိတ်ရောဂါ ၅၄ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၁ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၁၉၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဦးရေ ၇၀၊ မျက်စိရောဂါ ၄၉ ဦးနှင့်သွားရောဂါ ၃၁ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ သုံးဦး၊တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၀ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူနှစ်ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လာရောက်ဆေးကုသမှုခံယူကြသော ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ နယ်လှည့်အထူးကုဆေးအဖွဲ့ကို စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုကဲ့သို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

**အရှင်သုစိတ္တ**

ဒီမှာလာပြီးတော့ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ လာရောက်ပြီး ဆေး




ကုသပေးတယ်ဆိုတော့ ဦးဇင်းလာရောက်ပြသတာပါ။ ဒူးတွေခြေထောက်တွေရောင်တာပါ။ပြရင်းကနေ နှလုံးEGCဆွဲပါတယ်။ ဆရာဝန်တွေနဲ့ပြသတဲ့အခါမှာ ဆေးသောက်ဖို့ဆေးတွေပေးပါတယ်။အခမဲ့ကုသပေးတဲ့အခါမှာကျတော့ ဆင်းရဲတဲ့သူ ချမ်းသာတဲ့သူအကုန်လုံး လူတန်းစားမရွေး သက်ကြီးရွယ်အိုကလေးလူကြီးအကုန်လုံးလာရောက်ပြသနိုင်ပါတယ်။ တချို့ဆိုလည်း အခက်ခဲတွေရှိကြပါတယ်။ မျက်စိဆိုရင်လဲ မနေ့ကအဖွဲ့က ဒီနေ့ထိမပြီးကြသေးဘူးလို့ပြောပါတယ်။ မျက်စိဆိုတာလည်း သူတို့အနေနဲ့ အရင်ကတည်းကပြချင်ပေမယ့် မပြနိုင်တာတွေရှိမှာပါ။ရောဂါ သူနေရာနှင့်သူ အစုံပြလို့ရတဲ့အတွက် မရှိတဲ့အများပြည်သူတွေအတွက် အင်မတန်ကောင်းပါတယ်။ ကုန်ကျစရိတ်ခံပြီး ပြည်သူတွေအတွက် နိုင်ငံတော်အကြီးအကဲတွေကို အထူးကျေးဇူးတင်ပါတယ်။

**ဒေါ်ချိုချိုမိုး(ပြည်ခရိုင်ကျေးရွာ)**

တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ချောင်းဝကျေးရွာကိုလာရောက်ပြီးတော့ ဆေးကုသပေးတာ သတင်းကြားလို့ ပြည်ခရိုင်ကျေးရွာကနေလာပြီးတော့ မျက်စိပြသတာပါရှင့်။ မျက်စိမကောင်းဘဲ ဝါးတားတားနဲ့နေခဲ့ရတာ ငယ်ငယ်ကတည်းက နှစ် ၂၀ ကျော်ပြီပေါ့နော်။ ဆေးကုသရအောင်လည်း ငွေရေးကြေးရေးကမတတ်နိုင်ဘူး။ ဒါကြောင့် အခုဆိုရင်တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ကလာရောက်ပြီးတော့ အခမဲ့ကုသပေးတဲ့အတွက် သမီးရင်ထဲမှာ အရမ်းပဲဝမ်းသာကျေနပ်ရပါတယ်။ ပီတိဖြစ်ရပါတယ်။ ဆရာဝန်ကြီးတွေ စေတနာမေတ္တာထားပြီး ကုသပေးတဲ့အတွက် ဆရာဝန်ကြီးတွေအားလုံးပါရဂူတွေ



အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။ အခုလိုစီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်ရှင့်။နောက်ကိုလည်း ခဏခဏလာပြီး အခမဲ့ ဆေးကုသပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်ရှင့်။





တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

အားကစားအဖွဲ့ခေါင်းဆောင်များ၊အားကစားနည်းအလိုက် အုပ်ချုပ်သူ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ကအဖွင့်အမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီးနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အားကစားသမားများကို လိုက်လံနှုတ်ဆက်ကာ အားကစားပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ပြီး မန္တလေးပညာရေးဒီဂရီကောလိပ်အသင်းနှင့် ပခုက္ကူပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၁၇ရက်ထိကျင်းပသွားမည်ဖြစ်ပြီး အထက်မြန်မာပြည်(မန္တလေးဇုန်)အနေဖြင့် ပညာရေးဒီဂရီကောလိပ်ကျောင်း ၁၁ ကျောင်းမှ အမျိုးသားဘောလုံးအသင်း ၁၁ သင်း၊ အမျိုးသားဘော်လီဘောအသင်း ရှစ်သင်း၊ အမျိုးသမီးဘော်လီဘောအသင်း ရှစ်သင်း၊ အမျိုးသားပိုက်ကျော်ခြင်းအသင်း ရှစ်သင်းတို့မှစုစုပေါင်း အားကစားသမား ၃၉၈ တို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရှိသည်။

**မျိုးကျော်**


## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက ငါးခြောက်မျိုးစုံ ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**လပွတ္တာ နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါးခြောက်မျိုးစုံ ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးခြောက်မျိုးစုံ ပိဿာချိန် ၅၃၀၀၀ ထိသာရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ တစ်လတာကာလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ငါးခြောက်မျိုးစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက ငါးခြောက်မျိုးစုံ ပိဿာချိန် ၈၇၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချအားတက်ခဲ့တာဖြစ်တယ်။ ငါးခြောက်ဈေးကတော့ ပုံမှန်အခြေအနေမှာပဲ ရှိပါတယ်။ လက်ရှိ ငါးခြောက်မျိုးစုံကို ပြည်တွင်းဈေးကွက်က အဝယ်လိုက်လို့ အရောင်းသွက်နေတာပါ"ဟု လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်အမျိုးအစားသည် ငါးကွမ်းရှပ်(ငါးညို)ခြောက်၊ ငါးလိပ်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ အာပဲ့ခြောက် စသည့် ငါးခြောက်အမျိုးအစားများကို အများဆုံး တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်များ တစ်ပိဿာချင်းဈေးနှုန်းသည် ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၊ ငါးကွမ်းရှပ်(ငါးညို)ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀၀၊ ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၃၅၀၀၊ ငါးလိပ်ခြောက် တစ်ပိဿာလျှင် ၄၀၅၀၀၊ အာပဲ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၄၅၀ စိုက်ပျိုးပြီးစီး

**ရေဦး နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၄၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၄၉၀ စိုက်ပျိုးရန် လျာထားပြီး ယနေ့ထိ ဧက ၂၄၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် တန့်ဆည်မြို့နယ်မှာ ပဲစင်းငုံဧက ၂၄၉၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၄၅၀ စိုက်ပျိုးပြီးပါပြီ။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်တောင်သူများကို ရွက်ဖျန်းမြေဩဇာ ဝယ်ယူမှု သက်သာလျော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ညောင်အိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**သာစည် နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်အိုင်ကျေးရွာ၌ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်ရည်ရွယ်၍ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ညောင်အိုင်ကျေးရွာ၌ အရှည်ပေ ၇၆၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သာစည်မြို့နယ် ညောင်အိုင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း စုစုပေါင်းငွေကျပ် ၁၉၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ နည်းပညာပံ့ပိုးပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ တတိယပတ်က စ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၆-၁၁-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၁၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



# အကြောင်းကြောင့်သာဖြစ်သော အကျိုး

စံရှာနီထွန်း

(၁)

လဲ့လဲ့တို့ရပ်ကွက်မှာ CCTV လို့ အမည်ပေးထားတဲ့ အင်မတန်စကားများပြီး အလွန်တရာစပ်စုလှတဲ့ ရပ်ကွက်အကြောင်းအကုန်သိတဲ့ သူငယ်ချင်းတစ်ယောက်ရှိပါတယ်။ လဲ့လဲ့က သူနဲ့ရွယ်တူဖြစ်ပြီး မုန့်ဟင်းခါးစားရင်းမျက်မှန်း တန်းမိလာရာက ခင်ခင်မင်မင် စကားလာလာပြောလို့ ခင်ခဲ့ပါတယ်။ လဲ့လဲ့ ဒီရပ်ကွက်ကိုပြောင်းလာတာ သုံးနှစ်ပဲရှိပါသေးတယ်။ သူ့နာမည်က ခင်ဝေ။

“ခင်ဝေ ဟိုမှာ အဝါရောင်ဝမ်းဆက်နဲ့အစ်မကြီး လှတယ်နော်”

“အမယ်လေး သွားစကားမပြောနဲ့နော်။ သူက မကောင်းတာလုပ်စားနေတာ”

“ဟုတ်လို့လားဟယ် နင်ကလဲ”

“တစ်ရပ်ကွက်လုံးသိနေတာ နင်သာမသိတာ”

“ဩော်. . . ”

လဲ့လဲ့က မုန့်ဟင်းခါးစားတာလောက်နဲ့ ဈေးသွားတာကလွဲလို့ ဘယ်မှသွားတာမဟုတ်တော့ ရပ်ကွက်ထဲက အကြောင်းတွေ သိပ်မသိ။ ခင်ဝေနဲ့ ပေါင်းတော့မှ အကုန်သိလာရတာပါ။

“လဲ့လဲ့”

“ဟေ”

“နင်ကြားပြီးပြီလား”

“ဘာကိုကြားရမှာလဲ။ နင်ပြောမှ သိမှာလေ”

“နှစ်လုံးထီရောင်းတဲ့ တာတီး သိတယ်မဟုတ်လား”

“အေး ဒါတော့သိတယ်”

“သူက အထက်ဝိုက်းရွှေရင်ကျော်ဝင်ထားတာ။ တစ်သက်လုံးအရက်မသောက်ပါဘူးဆိုပြီး သစ္စာဆိုထားတာ။ နှစ်လုံးထီရောင်းရင်း စီးပွားတက်လာတော့ အရက်သောက်လာတယ်။ နောက်ပိုင်းအဖမ်းခံရတယ်လေ။ ထောင်ကျသွားတော့ သူ့မိန်းမ မိတူးက ကလေးနှစ်ယောက်ပစ်ပြီး နောက်ယောကျ်ားယူသွားတာ အခုတော့ မကောင်းတာလုပ်စားနေတယ်တဲ့”

“ဟယ် ဟုတ်ရဲ့လား။ မသေချာရင်လျှောက်မပြောနဲ့ ငရဲကြီးတယ်”

“ငါလျှောက်ပြောပါ့မလား။ အတွင်းသတင်းဟဲ့ အတွင်းသတင်း။ လမ်းထိပ်လက်ဖက်ရည်ဆိုင်က စားပွဲထိုးလေးတွေ မိတူးအကြောင်းပြောနေကြတာ။ ငါသေချာမေးကြည့်ခဲ့ပြီးပြီ”

“အေးပါဟယ် မကြားချင်တော့ပါဘူး။ စိတ်မကောင်းစရာတွေ”

“လဲ့လဲ့ရေ. . . လဲ့လဲ့”

“ဟင်”

“နင်ဘာဖြစ်နေတာလဲ ငူငူငိုင်ငိုင်နဲ့”

“အေးဟယ် ငါ ညကအိပ်လို့မရဘူး။ တစ်အိမ်ကျော်ကလင်မယား တစ်ညလုံးရန်ဖြစ်နေတာ။ အခုလဲဖြစ်နေတာ နင်မကြားဘူးလား။ အရင်က အခုလိုဆူဆူညံညံမကြားရပါဘူး”

“အဲဒီလင်မယားက နာမည်ကြီးဟဲ့”

“ဘာနာမည်ကြီးလဲ”

“အိမ်ကိုဧည့်သည်လာရင် နေ့ကော ညပါ ရန်ဖြစ်ပြကြတာလေ။ အဲဒီတော့ ဧည့်သည်မနေနိုင်ဘူး။ အလွန်ဆုံးသုံးရက်ပဲ မယုံရင် နင်ကြည့်ကြည့်”

ခင်ဝေပြောတာအဟုတ်ပဲ။ ဧည့်သည်တွေလဲ ပြန်သွားရော ဘာသံမှမကြားရတော့။ နောက်ပိုင်းသတိထားမိတော့ ဧည့်သည်လာရင် နေ့ကော ညပါ ရန်ဖြစ်ပြကြတာအမှန်တကယ်။ တကယ့်အံ့ဩစရာလင်မယား။

(၂)

ခင်ဝေကော၊ လဲ့လဲ့ကော အိမ်ထောင်ကျတဲ့ထိ အခင်မင်မပျက်။ ရပ်ကွက်ထဲက အကြောင်းမှန်သမျှ လဲ့လဲ့ကို ခင်ဝေအမြဲလာပြောမြဲ။

တစ်နေ့တော့-

“လဲ့လဲ့ရေ. . . ငါ့ယောကျ်ား စင်ကာပူသွားတော့မှာ မနက်ဖြန်လေယာဉ်ကွင်းလိုက်ပို့မလို့ နင်ကော လိုက်ခဲ့ပါလား”

“အေးပါ”

လေယာဉ်ကွင်းရောက်တော့ သားအဖတစ်တွေနဲ့ ခင်ဝေ အလွမ်းသယ်နေကြတာမြင်တော့ လဲ့လဲ့ပါ မျက်ရည်ကျချင်ချင်။

“ခင်ဝေ နင်အရင်လိုအပြင်တွေ ဘာတွေမထွက်တော့ဘူးလား”

“မထွက်တော့ပါဘူးဟယ်။ တော်ကြာ ယောကျ်ားမရှိဘဲ အရပ်ထဲလမ်းသလားနေရင် နောက်ယောကျ်ားလိုချင်တယ်ဖြစ်နေမှာစိုးလို့”

“ပေါက်ကရဟယ် နင့်ကို ဘယ်သူကပြောမှာမလို့လဲ။ ပြောသူရှိ ငါအရင်ဆုံး ရန်တွေ့ပစ်မှာပေါ့”

မကြာပါဘူး။ ခင်ဝေ အရပ်ထဲလည်မြဲ၊ စပ်စုမြဲ။ ပိုလာတာက ယောကျ်ားပို့တဲ့ပိုက်ဆံတွေနဲ့ နှစ်လုံးထီထိုးတာပါ။ ထိုးရင်းဒိုင်ကိုင်နိုင်တဲ့အဆင့်ရောက်တော့ နှစ်လုံးဒိုင်ကိုင်တဲ့ခင်ဝေ။

ခင်ဝေတို့အိမ်မှာ လူအဝင်အထွက်တွေများမှများ။ ခင်ဝေလဲ အရင်လို လဲ့လဲ့တို့အိမ်မရောက်ဖြစ်သလို လဲ့လဲ့လဲ လူအဝင်အထွက်များတဲ့ ခင်ဝေတို့အိမ်မရောက်ဖြစ်တော့။ စစကြားချင်း ဒီသတင်းကို လဲ့လဲ့မယုံနိုင်။

“ခင်ဝေ ကောင်လေးတစ်ယောက်နဲ့တွဲသွားတွဲလာလုပ်နေတာ ရပ်ကွက်ထဲမှာပျံ့နှံ့နေတာပဲ။ သူ့ယောကျ်ားသိရင် လင်မယားကွဲတော့မှာပဲ။ ဒီကောင်မလေး မိုက်ပါ့ဟာ”

ပုပ်မှပေါ် ဟုတ်မှကျော်၊ လူသတင်းလူချင်းဆောင်ပြီးတဲ့နောက် ခင်ဝေ့အကြောင်း ကြားရတဲ့သတင်းတွေက နားမသက်သာ။ မနေနိုင်လွန်းလို့ ခင်ဝေ့ကို သွားမေးတော့-

“မဟုတ်ပါဘူးဟယ် နင်ဘယ်ကကြားလာတာလဲ။ လူတွေက ငါကြီးပွားနေတာ မနာလိုလို့ပြောကြတာနေမှာ။ နင်ခေါင်းထဲထည့်မနေနဲ့ မဟုတ်ဘူး”

ကာယကံရှင်က မဟုတ်ဘူးဆိုတော့လဲ မဟုတ်ဘူးပေါ့။ တစ်နေ့-

“သမီး အန်ကယ့်ကို ကူညီပါအုံး”

ခင်ဝေ့အဖေ မနက်အစောကြီးရောက်ချလာကာ ကောင်လေးနဲ့ဖြစ်နေပြီး အိမ်ပြန်မလာတဲ့သမီးကို သွားခေါ်ခိုင်းတာပါ။

ခင်ဝေ့အဖေပေးတဲ့လိပ်စာအတိုင်း ရောက်သွားတော့ ခင်ဝေနဲ့အတူ ခင်ဝေ့ရဲ့ကောင်လေးပါတွေ့ခဲ့ပြီး ခင်ဝေ့ကို “နင့်အဖေ ငါ့ကိုခေါ်ခိုင်းလို့”ဆိုပြီး ပြန်ခေါ်လာခဲ့ပါတော့တယ်။

လက်ပူးလက်ကြပ်တွေ့တော့ အရင်လို ခင်ဝေ မငြင်း၊ အသာတကြည်နဲ့ လဲ့လဲ့နောက်ကို လိုက်လာခဲ့တာ ကြိုးဆွဲထားတဲ့ အရုပ်ကလေးအတိုင်း။ အပြန်မှာတော့-

“ခင်ဝေ နင် ဒံပေါက်ထုပ်နဲ့ ဈေးထုပ်ကို မှားစားမိပြီ။ နင့်ယောကျ်ားလိုလူမျိုး ထမင်းထုပ်ထုပ်ပြီး လိုက်ရှာ ထမင်းထုပ်သာ သိုးသွားမယ် ရှာတွေ့မှာ မဟုတ်ဘူး”

အတွင်းသိလဲ့လဲ့က ခင်ဝေ့ကို အဲဒီလို ပြောဆိုခဲ့ပါတယ်။

(၃)

“ခင်ဝေ့ယောကျ်ား ပြန်လာပြီတဲ့”

လမ်းထိပ်မှာ လူတွေစုရုံးစုရုံးအသံတွေညံနေတာနဲ့ လဲ့လဲ့လဲ စိုးရိမ်ပူပန်မှုနဲ့ ခင်ဝေ့အိမ်အရောက်။

“အစ်ကို”

“သွား လက်လာမကိုင်နဲ့။ ငါ့ပစ္စည်းတွေလာယူတာ။ ကလေးကို နင်နဲ့မထားဘူး။ ငါတစ်ခါတည်းခေါ်သွားမယ်။ တရားရုံးကျမှရှင်း”

“ဟင့် ဟင့်”

သားပါသွားလို့ ငိုနေရှာတဲ့ခင်ဝေ့ကို ပခုံးဖက်ပေးပြီး နှစ်သိမ့်ပေးဖို့စကားရှာမရခဲ့။ လဲ့လဲ့အိမ်ကိုသာ စိတ်မကောင်းခြင်းများစွာနဲ့ ပြန်ရောက်လာတယ်။

“ခင်ဝေရယ် နင်မိုက်လုံးကြီးခဲ့တာ။ အခုတော့ အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်ပါရော့လား”

မဖြစ်သင့်တဲ့အမှားတစ်ခုကြောင့် သားကအဖေ့ဆီရောက်၊ အိမ်ထောင်ကွဲပြီးနောက်မှာတော့ ခင်ဝေ ဆင်ခြင်တုံတရားလက်လွှတ်သွားလေသလား၊ ပတ်ဝန်းကျင်ကိုပဲ အရှုံ့တိုက်လေတော့သလားမသိ။ တွဲချင်သူတွေနဲ့ ပေါ်တင်တွဲ။ မိဘတွေပါထိန်းမရတော့။

လဲ့လဲ့ပြောလဲ ခင်ဝေ့ပါးစပ်က-

“ကဲ့ရဲ့ခုနစ်ရက် ချီးမွမ်းခုနစ်ရက်။ ငါဘယ်သူ့မှ ဂရုမစိုက်တော့ဘူး။ ငါ့ဘဝကိုဖျက်ဆီးတဲ့ပတ်ဝန်းကျင် ငါနေချင်သလို ငါ့စိတ်ရှိတဲ့အတိုင်းနေမယ်”

“ဟယ် ခင်ဝေရယ် အဲဒီလိုတော့မလုပ်ပါနဲ့ လူတွေကအထင်ကြီးရင်ဘာမှမဖြစ်ပေမဲ့ အထင်သေးသွားရင် တစ်သက်လုံးဟ။ ကိုယ့်ဘာသာပြုပြင်ပါဟာ”

“တော်ပြီဟာ ငါ့အားလုံးကိုမုန်းတယ် ငါ့ကိုမနာလိုနေကြတာ”

နောက်ပိုင်းတော့ ခင်ဝေ့ကို လဲ့လဲ့ဘာစကားမှ မပြောတော့။ ခင်ဝေလုပ်ချင်သလိုသာ လုပ်တော့ လဲ့လဲ့ မျက်နှာလွှဲခဲပစ် အဖြစ်နဲ့သာ။

ခင်ဝေဟာ နောက်ပိုင်းရပ်ကွက်ရဲ့ အော့ကြောလန်။ ဘယ်သူကမှ ဆေးဖော်ကြောဖက်မလုပ်ကြတော့။ ခင်ဝေကလဲ ခပ်တည်တည်။ အတွဲမပျက်၊ အသွားအလာမပျက်၊ အစားမပျက် ပိုလို့သာဖလန်းဖလန်းထမြဲ။

(၄)

မနက်ဆို လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ လဲ့လဲ့ယောကျ်ားနဲ့ လက်ဖက်ရည်ဆိုင်ထိုင်နေကျ။ ဒီမနက်မှာတော့ ဆိုင်ရှင်က စားပွဲထိုးကိုလက်ညှိုးညွှန်ပြီးပြောနေတာ ခုံတစ်လုံးကို ဆေးဖို့ဆိုပဲ။ စားပွဲထိုးလေးက ရေပုံးကြီးယူလာပြီး ထိုင်ခုံတစ်လုံးကို ဆေးချနေတာမြင်တော့ လဲ့လဲ့ယောကျ်ားကို “ဘာလို့ ထိုင်ခုံတစ်လုံးတည်းသီးသန့်ဆေးနေရတာလဲ”လို့ ကပ်မေးတော့မှ “ခင်ဝေထိုင်သွားလို့”ဆိုပဲ။ “ယောကျ်ားတကာနဲ့နေပြီး ခုံမှာထိုင်တော့ ပိုးတွေကူးကုန်မှာစိုးလို့တဲ့”

လဲ့လဲ့အတွက်တော့ သူငယ်ချင်းရဲ့ ရင်နာစရာ၊ ရင်နင့်ဖွယ်ဖြစ်ရပ်မြင်ကွင်းပါပဲ။

“ပတ်ဝန်းကျင်ကိုအရှုံ့တိုက်တော့ ကောင်းလာသလားသူငယ်ချင်းရယ်”

လဲ့လဲ့ရင်ထဲကစကား။ နှစ်အနည်းငယ်ကြာတော့-

“ခင်ဝေ့အဖေ ဆုံးပြီတဲ့”

ကျန်းကျန်းမာမာကြီးက ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်ဆုံးသွားတဲ့ ခင်ဝေ့အဖေ။ ခင်ဝေ့အဖေအသုဘကိုလိုက်ပို့တဲ့အခါမှာတော့ အသံမထွက်ဘဲ မျက်ရည်ကျနေတဲ့ ခင်ဝေ့ကိုတွေ့ရပါတယ်။

လဲ့လဲ့ကို တစ်ချက်လှမ်းကြည့်ပြီး-

“ငါ့သားလေးကို အကြောင်းကြားပေးပါ။ သူ့အဘိုးဆုံးသွားတာ သားမသိဘူး။ သူ့အဖေက ငါဖုန်းဆက်တာနဲ့ ချပစ်တာ။ သားလေးကိုလဲ တွေ့ချင်လို့။ ကူညီပေးပါဟာ”

“အေးပါ ငါပြောပေးပါ့မယ်”

စကားပြောရင်းကျလာတဲ့ မျက်ရည်တွေကို လက်နဲ့ပွတ်ပြီး တစ်ချက်ပြုံးပြသွားတဲ့ခင်ဝေ။ မသိမသာလေး ခင်ဝေ့လက်ကို ခပ်တင်းတင်းလှမ်းကိုင်အားပေးခဲ့ပါတယ်။

လဲ့လဲ့ ခင်ဝေ့သားကို သူ့အဘိုးဆုံးသွားကြောင်း အကြောင်းကြားပေးပြီးတဲ့နောက် ခင်ဝေ့ဆီကို သူ့သားလေးရောက်လာကြောင်းသိပြီး နောက်မှာတော့ အထည်ချုပ်စက်ရုံတစ်ရုံမှာ အလုပ်လုပ်နေတဲ့ခင်ဝေ့ကို တွေ့ရပါတော့တယ်။ အရင်လိုပုံစံမျိုးမဟုတ်တော့။ လဲ့လဲ့စိတ်ထဲ ခင်ဝေတည်ငြိမ်နေသလိုပါ။

(၅)

အရင်လိုမဟုတ်တော့တဲ့ခင်ဝေ။ ရွှေတောင်ကြီးလို အားကိုးရတဲ့ ခင်ဝေ့အဖေသေသွားလို့ပဲလားမသိ။ ခင်ဝေလူတကာနဲ့မတွဲတော့ဘဲ အတည်တကျအိမ်ထောင်ပြုသွားခဲ့ပါတော့တယ်။

စာမျက်နှာ ၂၅ သို့ ➤

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၄၂၉၉၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၄၂၉၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၄၃၈၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၂၉၉၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAP စနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် အရာတော်မြို့နယ်မှာ မိုးနှမ်းဧက ၄၃၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၄၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မိုးနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မိုင်းလားမြို့နယ် ပန်ဟုတ်(ထက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းလား နိုဝင်ဘာ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်ဟုတ်(ထက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်၊ မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်း ကော်မတီဝင်များနှင့်အတူ ပန်ဟုတ်(ထက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ပေ၊ အမြင့်ကိုးလက်မရှိ မြေသားလမ်း သဲဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

ပန်ဟုတ်(ထက်)ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၉၂ သိန်းဖြင့် တင်ဒါအောင်မြင်သည့် အရှေ့ပိုင်းချယ်ရီမြေကုမ္ပဏီက ယခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးသွားသဖြင့် ပန်ဟုတ်(ထက်)ကျေးရွာမှ လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းကုန်ကျစရိတ်သက်သာစွာသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီထံမှ သိရသည်။

**မောင်ခိုင်**

➤ စာမျက်နှာ ၂၄ မှအဆက်

ခင်ဝေယူလိုက်သူက မုဆိုးဖိုကလေးနှစ်ယောက်အဖေ။ အထည်ချုပ်စက်ရုံကထွက်ပြီး လင်ပါသားတွေကို ကိုယ့်ကလေးလို ပြုစုစောင့်ရှောက်နေတဲ့ ခင်ဝေ။ ခင်ဝေ့ခမျာ စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဘယ်လောက်ပဲ လုပ်လုပ် အထည်ချုပ်စက်ရုံမှာကြီးကြပ်တဲ့ ယောကျ်ားလစာနဲ့မလောက်ငတော့ မနက်ပိုင်း ခင်ဝေတို့လမ်းထိပ်မှာ အကြော်ကြော်ပြီးရောင်းရှာရသေးတာ။

အရင်က အသားညိုညို၊ ဆံပင်ရှည်ရှည်၊ ကိုယ်လုံးပြည့်ပြည့်နဲ့ ခင်ဝေ။ အခုတော့ အသားမည်းမည်းခြောက်ခြောက်ပိန်ပိန်၊ ဆီမလိမ်းတာကြာတော့ အရောင်မလက်တဲ့ ဖြူတစ်ဝက်၊ မည်းတစ်ဝက်ဆံပင်ကို ကျားပါးစပ်ကလစ်နဲ့ ဖြစ်သလိုညှပ်ထားပြီး ပါးစပ်ကကွမ်းတဗျစ်ဗျစ်၊ ရယ်လိုက်ရင် သွားမည်းမည်းတွေက ပေါ်လို့။ ရှေ့သွားကျိုးသွားတာ ပိုက်ဆံကုန်မှာစိုးပြီး သွားအတုမတပ်လို့ ရှေ့သွားကျိုးလေးနဲ့။ အကြော်တွေ မကုန်ရင် လဲ့လဲ့ဆီ လာရောင်းတတ်သေးတာ။ လာရောင်းတဲ့အချိန် သူ့အိမ်အကြောင်း လဲ့လဲ့နဲ့စခင်ခါစကလို အကုန်အစင်ပြောတတ်သေးတာ။

ဒီနေ့တော့ လဲ့လဲ့ဆီ ငိုပြီးရောက်ချလာတယ်။

"ခင်ဝေ နင်ဘာဖြစ်ပြန်ပြီလဲ။ နင့်ယောကျ်ားနဲ့ရန်ဖြစ်ပြန်ပြီလား"

မေးမဲ့သာမေးရတာ ရန်ဖြစ်ထားတဲ့ပုံစံမဟုတ်။ အဝတ်အစားအသင့်အတင့်သပ်သပ်ရပ်ရပ်နဲ့။ ပခုံးမှာ ပိုက်ဆံအိတ်အကြီးကြီးလွယ်လို့။

"သားလေ။ ငါ့သား အရင်ယောကျ်ားနဲ့ပါသွားတဲ့သား။ သူ့ဆီသွားတာ လဲ့လဲ့ရဲ့။ အဲဒါ အမေကို ဟင့် အမေကို"

"အမေကို ဘာဖြစ်"

"အမေ ဒီပုံစံကြီးနဲ့မလာပါနဲ့တဲ့။ အမေငွေလိုရင် လှမ်းဖုန်းဆက်သားပို့ပေးမယ်တဲ့။ ဟီး ဟီး"

"လဲ့လဲ့ရယ် ငါ့ပုံစံဘယ်လိုဖြစ်နေလို့လဲဟင်။ ငါသိပ်ဝမ်းနည်းတာပဲ။ ငါတို့က သားအမိပါ။ သူအင်ဂျင်နီယာကျောင်းဆင်းပြီး သူ့အဖေမြေတောင်မြှောက်ပေးလို့ သူဌေးသားဖြစ်ရတာပါ။ တကယ်တော့လေ သူ့အဖေ စင်ကာပူသွားနိုင်တာ သေသွားတဲ့ငါ့အဖေ ငွေထုတ်ပေးလို့သွားနိုင်တာပါ လဲ့လဲ့ရယ်"

"ဩော်. . ."

"ခင်ဝေရယ် ငါဘယ်လိုပြောရမလဲဟယ်။ နင်စိတ်မကောင်းမဖြစ်ပါနဲ့။ သားက ငွေပို့ပေးမယ်ဆိုတော့ကောင်းတာပေါ့ဟယ်။ တချို့ဆို ငွေတောင်မပို့နိုင်၊ မပေးနိုင်ကြပါဘူး"

"မဟုတ်ဘူး လဲ့လဲ့ရဲ့"

"ဟင်"

"ငါသွားတာငွေလိုလို့မဟုတ်ဘူး။ သားလေးကိုလွမ်းလို့ လွမ်းလို့ပါ"

"ဘယ်သူမပြု မိမိမှု၊ အကြောင်းကြောင့် အကျိုးဖြစ်တာပဲ"

စတဲ့စကားလုံးပေါင်းမြောက်မြားစွာ နှုတ်ခမ်းဝထိရောက်လာခဲ့ပေမဲ့လဲ ခင်ဝေ့ကို အပြစ်မဆိုရက်တော့ပြီ။

## စာပန်းအလင်္ကာ ပန်ဆင်ပါ

\- စာမဖတ်လျှင်ဖြင့်
စာတတ်လည်း အလကားပါ၊
အမှားအမှန် ဝေခွဲခက်လို့
တစ်သက်ရှုံးမှာ၊
လူဖြစ်ကြ သည်ချိန်ခါ
ပညာကို သင်ယူလို့၊
စာတတ်လျှင် စာဖတ်ပြီး
အမြတ်ရှာစို့။

\- မူမကွဲပါဘဲ
အတူတွဲလို့ နေဖို့ရယ်၊
ဆန္ဒကို စာပေအသိနဲ့
ထိန်းညှိရမယ်၊
နှလုံးသား သည်းပလ္လင်ဝယ်
အစဉ်ကွယ် မေတ္တာလွှမ်း၊
စာတွေ့မှာ လက်တွေ့ပေါင်း
ကောင်းဖို့လျှောက်လှမ်း။

\- ပြည်အတွက်တွေးလို့
ဒီတစ်သက်မဝေးဖို့ တွေးကြမယ်၊
သူ့အပြောမှာ မမျောမိဖို့လည်း
သတိရှိကြွယ်၊
အတ္တကိုတဲ့ စွန့်ရှောင်ပယ်
လူတို့နယ် လှပရေး၊
ပညာဉာဏ် ချွန်းနဲ့အုပ်
အားထုတ်စို့လေး။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# အောင်လံမြို့နယ် ဘို့လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘို့လည်ကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နန္ဒာအိက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများ သတ်မှတ်ရက်အတွင်းအချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၁၈ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘို့လည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို ငွေကျပ် ၄၁၈ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြူလေး**

စာအုပ်စာပေ လူ့မိတ်ဆွေ

# အရွယ်သဘော

စာဖတ်သူတွေဟာ အသက်အရွယ် ငယ်ရွယ်သူဖြစ်စေ၊ လူငယ်၊ လူလတ်ဖြစ်စေ၊ အသက်ကြီးနေကြသူတွေပဲဖြစ်စေ၊ ကလေးဘဝမှ ယနေ့အချိန် အရွယ်ရောက်လာကြတဲ့ထိ အသက်နဲ့အမျှ ဖြတ်သန်းရတဲ့ အခြေအနေနဲ့ သဘောသဘာဝ မတူကြတာကို သတိပြုမိကြမှာပါ။

အရွယ်အပိုင်းအခြားအရ အထူးအလေးထားသင့်တဲ့အရွယ်ကတော့ အပျိုပေါက်၊ လူပျိုပေါက်၊ ဆယ်ကျော်သက်ရွယ် လူငယ်ဘဝဖြစ်တယ်လို့ အနောက်တိုင်းစိတ်ပညာရှင်တွေက ဆိုခဲ့ကြပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းမှာလည်း မြီးကောင်ပေါက်အရွယ်၊ အပျိုသင်စအရွယ်၊ ဆယ်ကျော်သက်အရွယ်ဟာ မိဘအုပ်ထိန်းသူတို့မှာ တင်းလွန်းလို့လည်းမရ၊ လျှော့လွန်းလို့လည်းမဖြစ်၊ မလျှော့မတင်းဖြစ်အောင် ချိန်ဆပြီး ထိန်းကျောင်းကြည့်ရှုသွန်သင်ပြုပြင်ရတဲ့ အချိန်ကာလပေပေါ့။ ဘဝတစ်သက်တာလုံးအတွက် အလွန်အရေးကြီးတဲ့ အလွဲအမှား၊ တိမ်းစောင်းချွတ်ချော်မှုမျိုး မကြုံစေရအောင် မိခင်၊ ဖခင်တို့မှာ နေ့နေ့ညည ဂရုစိုက်ကြည့်ရှုနေလေ့ ရှိပါတယ်။

ဒီအရွယ်ဟာ ပတ်ဝန်းကျင် ဆွေမျိုးသားချင်းတွေက ကိုယ့်အပေါ် ခေါ်ဝေါ်ထားရှိတဲ့အမြင်နဲ့ သဘောထားကလည်း ရှုပ်ထွေးစေတယ်။ "ဟဲ့. . . နင် ကလေးမဟုတ်တော့ဘူး။ သူငယ်နှပ်စားလို့မနေနဲ့"ပြောသူလည်းရှိ။ "ဟေ့. . . မအေ့နို့နံ့တောင် မစင်သေးဘူး။ လူကြီး လူကျယ်လာမလုပ်နဲ့။ ကလေးလို ဝေးဝေးနေစမ်း"ဆိုတဲ့ သူမျိုးလည်းရှိရဲ့။

ငါဟာ ကလေးမဟုတ်တော့ဘူးတဲ့။

ငါဟာ လူကြီးမဟုတ်သေးဘူးတဲ့။

အရွယ်က စကောစက ဖြစ်နေတဲ့အတွက် ကလေးဘဝလည်း လက်လွတ်ဆုံးရှုံးသွားပြီ။ လူကြီးအဖြစ်လည်း စာရင်းသွင်းမခံရသေး။ စိတ်ပညာရှင်တွေကတော့ ဒီအရွယ်ဟာ အခန်းကဏ္ဍ ရောထွေးချိန် (Role Confusion) ကမောက်ကမ ရောထွေးနေတဲ့အတွက် ကလေးလူငယ်ကို (ကျားကျား/မမ) ခေါင်းရှုပ်စေတယ်။ စိတ်ရှုပ်ထွေးစေတယ်။ စိတ်တင်းအားတွေဖြစ်စေတတ်တယ်လို့ သတိပေးလေ့ရှိပါတယ်။

ကျွန်တော် သတိထားမိသလောက် စာရေးဆရာ မြသန်းတင့်တို့ အခြားစာရေးဆရာ ကဗျာဆရာ သုံး၊ လေးဦးဟာ ဆယ်ကျော်သက်ရွယ်မှာ အိမ်ပြေးဖြစ်ခဲ့ဖူးကြပါတယ်။ ဒါက အပြစ်ပြောတာလည်း မဟုတ်ဘူး။ နှိမ့်ချတာလည်း မဟုတ်ပါဘူး။ အဲဒီအရွယ်မှာ လူငယ်လေးတွေ ကြုံတွေ့ရတတ်တဲ့ အကျပ်အတည်းနဲ့ ဖိအားကို နားလည်စာနာတတ်ဖို့ တင်ပြခြင်းသာဖြစ်ပါတယ်။

ပတ်ဝန်းကျင် မကောင်းရင် မိန်းကလေးတွေဆို ဆယ်ကျော်သက်ဘဝဟာ အင်မတန် အန္တရာယ်များပါတယ်။ မိဘနှစ်ပါးမှာ သမီးတစ်ကောင် နွားတစ်ထောင် ဆိုတဲ့ စကားပုံလို နား၊ မျက်စိပြူးနေအောင် သမီးလေးကို အလှကြည့်နေကြရပါတယ်။

အသက်အရွယ် ၂၀ မှ ၅၅ နှစ်အတွင်း ရောက်လာပြီဆိုရင်တော့ ဒီအချက် (၈) ချက်ကို သိသင့်ပါတယ်လို့ စာရေးသူဖတ်ရှုစုဆောင်းတဲ့အထဲမှာ တွေ့ရပါတယ်။ သူပြောတာတွေဟာ ပြည့်စုံလှတယ်မဟုတ်ပေမယ့် မတူကွဲပြားတဲ့ လူမှုအသိုင်းအဝိုင်းမှာလည်း အသုံးတည့်တဲ့ အနောက်တိုင်း လူမှုဗေဒပညာရှင်တွေရဲ့ အယူအဆတွေပါပဲ။ သူတို့ပြောသလို သိရှိသင့်တဲ့အချက်တွေဆိုတာ စာရေးသူလည်း သဘောတူပါတယ်။ လေ့လာ သိရှိထားရင် အကျိုးရှိမှာ အမှန်ပါ။

(၁) အသက် ၂၀ မှ ၅၅ အတွင်း မိမိရဲ့ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးကို ဂရုစိုက်ပါတဲ့။ ပထမအချက်က။ ဒီခန္ဓာကိုယ်ကို ကောင်းစွာမွေးမြူပြီး ဆက်လက်အသုံးချရဦးမှာမို့ပါတဲ့။ ဒါလည်းဟုတ်တာပဲ။ အာရောဂျ ပရမာလာဘာ။ ကျန်းမာရေးပြည့်စုံခြင်းဟာ မွန်မြတ်ကြီးမားတဲ့ ဆုလာဘ်တစ်ခုပဲလို့ မြတ်စွာဘုရားက ဟောကြားဖူးပါတယ်။ ကျန်းမာမှ ချမ်းသာတယ်။ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာနိုင်တယ်။ ကျန်းမာရေးကို အလေးထားရပါမယ်။

(၂) တစ်ကိုယ်တည်းပဲ ဖြစ်ချင်ဖြစ်ပစေ၊ နေ့စဉ်မှန်မှန်လမ်းလျှောက်ပါတဲ့။ ဒါလည်းမြတ်စွာဘုရားက အားပေးတိုက်တွန်းခဲ့ဖူးတဲ့ အချက်တစ်ချက်ပါပဲ။ စင်္ကြံသွားခြင်းရဲ့ ကောင်းကျိုးတွေကို ဖော်ပြပြီး ရဟန်းသံဃာတွေကို လမ်းလျှောက်ဖို့ မြွက်ကြားပါတယ်။ ဆွမ်းခံကြွစေတာလည်း ဒီသဘောကြောင့် ဘုရားရှင် ခွင့်ပြုတာဖြစ်ကောင်းဖြစ်ပါမယ်။ နေ့စဉ် လမ်းလျှောက်ပါ။

(၃) ကြောက်စိတ်၊ စိုးရိမ်စိတ် မထားလေနဲ့တဲ့။ အရာရာလေ့လာပါ၊ စူးစမ်းပါ၊ မသိသေးတာ သိအောင်မေးမြန်းလေ့လာပါ။ ကိုယ်တိုးတက်စွမ်းဆောင်နိုင်အောင် အသိပညာ၊ အတတ်ပညာတွေ၊ သင်ယူလေ့ကျင့်နေသင့်ပါတယ်။ အသက်ကြီးမှ ထူးခြားတဲ့ ဖန်တီးမှုတွေပြုနိုင်သူတွေ အများကြီးပါပဲ။ အပျော်တမ်းဖြစ်စေ၊ အလုပ်သဘောဖြစ်စေ တိုးတက်အောင် လေ့ကျင့်မယ်ဆိုတဲ့ စိတ်ထားရှိနေသင့်ပါတယ်။

(၄) သူတစ်ပါးကို အခါအခွင့်ကြုံလို့ ကူညီရရင် ဘာမှ ကျေးဇူးတုံ့ပြန်လာမှာ မမျှော်လင့်ပါနဲ့တဲ့။ ဒါမှ စိတ်ကသိကအောက်မဖြစ်ဘဲ ပေါ့ပါးရွှင်လန်းပါမယ်တဲ့။ ဟုတ်ပေတာပဲ။ လူဆိုတာကျေးဇူးသိတတ်သူကနည်းပါတယ်။ ကျေးဇူးဆပ်ဖို့မဆိုထားနဲ့ ပါးစပ်ကကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားတစ်ခွန်းပြောဖို့တောင် မသိတတ်သူ၊ ဝန်လေးသူတွေ အများကြီးပေါ့။ ဒီတော့ ကျေးဇူးတင်ခံရကောင်းစေလို့ မျှော်လင့်မနေနဲ့ပေါ့။ တစ်စုံတစ်ရာ ပြန်ပြီးရကောင်းစေမစဉ်းစားလေနဲ့။

(၅) နေ့တိုင်းပျော်ပျော်နေ။ ငါ့အိုနေပြီ မတွေးနဲ့။ ငါ့အရွယ်ဟာ ငယ်ပါသေးတယ်။ ဆက်ပြီးရှင်သန်ရဦးမယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ နေ့သစ်တွေကို ဖြတ်သန်းမယ်။ ဒီလိုမျိုး အပြုသဘောထားအမြင်ရှိတတ်ရပါမယ်တဲ့။

(၆) ဘာမဆို ဇွတ်အတင်းပြောင်းလဲဖို့ မကြိုးစားနဲ့။ အလိုက်သင့် ပြောင်းလဲမှုရတယ်။ ပတ်ဝန်းကျင်အခြေအနေကို လိုက်လျောညီထွေ ရောဝင်ပူးပေါင်းပြီးမှသာ အခြေအနေအချိန်အခါအရ တရွှေ့ရွှေ့အကြောင်းပေါင်းဆုံပြီး ပြောင်းလဲနိုင်တာဖြစ်တယ်။ ပြောင်းလဲခြင်းနဲ့ အလိုက်သင့်ဖြစ်ခြင်း မျှမျှတတ ဟန်ချက်ညီနိုင်ရပါမယ်။

(၇) စိတ်ထားရင့်ကျက်ပါ၊ ပြည့်ဝပါ။ စိတ်လိုက်မာန်ပါနဲ့ လောဘ၊ ဒေါသမပေါက်ကွဲမိပါစေနဲ့။ ရာထူးတာဝန်လည်းကြီးပြီ။ အသက်လည်း မငယ်တော့ဘူး။ ဒါပေမဲ့ ဟောဟောဒိုင်းဒိုင်းစိတ်လှုပ်ရှားမှုကြောင့် ပေါက်ကွဲတတ်သူတွေရှိတတ်တယ်။ မိမိကိုယ်ကို ထိန်းသိမ်းနိုင်အောင် သတိရှိရပါမယ်။

**❖ လူကျယ်လာမလုပ်နဲ့။ ကလေးလို ဝေးဝေးနေစမ်းဆိုတဲ့သူမျိုးလည်းရှိရဲ့။ ငါဟာ ကလေးမဟုတ်တော့ဘူးတဲ့။ ငါဟာ လူကြီးမဟုတ်သေးဘူးတဲ့။ အရွယ်က စကောစကဖြစ်နေတဲ့အတွက် ကလေးဘဝလည်း လက်လွတ်ဆုံးရှုံးသွားပြီ။ လူကြီးအဖြစ်လည်း စာရင်းသွင်းမခံရသေး။ စိတ်ပညာရှင်တွေကတော့ ဒီအရွယ်ဟာ အခန်းကဏ္ဍ ရောထွေးချိန် (Role Confusion) ကမောက်ကမ ရောထွေးနေတဲ့အတွက် ကလေးလူငယ်ကို (ကျားကျား/မမ) ခေါင်းရှုပ်စေတယ်။ စိတ်ရှုပ်ထွေးစေတယ်။ စိတ်တင်းအားတွေဖြစ်စေတတ်တယ်လို့ သတိပေးလေ့ရှိပါတယ်။ ❖**

(၈) သူများပြောတိုင်း လိုက်မလုပ်နဲ့။ ဒါက ပွင့်ပွင့်လင်းလင်းတဲ့တိုးပြောရခြင်းပါ။ လူမှုပတ်ဝန်းကျင်မှာ မိမိကို ခင်မင်သူတွေကော၊ သာမန်သိမြင်ဖူးသူတွေကကော (သူတို့ကို အကြံဉာဏ်မတောင်းဘဲ) အဖိုးအခ ပေးစရာမလိုဘဲ အကြံဉာဏ်၊ ထင်မြင်ချက်၊ ယူဆချက်၊ တိုက်တွန်းချက်တွေ အမျိုးမျိုးလာပေးလေ့ရှိတတ်တယ်။ ဆေးမြီးတိုတွေ များပါတယ်။ သေသေချာချာသုံးသပ်လေ့လာပြီး အကြံပေးတာက နည်းတတ်ပါတယ်။ သူတို့ပြောတဲ့အတိုင်း ယုံစားပြီး လိုက်မလုပ်မိစေနဲ့။ ပြဿနာတက်ရင် သူတို့တာဝန်မယူဘူး။ မိမိကိုယ်တိုင်သာ ချောက်ကျပြီး ယက်ကန်ယက်ကန်ဖြစ်ရမှာ။

စေတနာနဲ့ပြောတာပါ ဘာဘာညာညာ။ နားမယောင်မိပါစေနဲ့။ အခြေအနေ၊ အခြင်းအရာ၊ အချက်အလက်၊ အကြောင်းအကျိုးနဲ့ စနစ်တကျ သုံးသပ်အဖြေရှာပြီး ဆုံးဖြတ်ရမှာပါ။ အကြံပေးချက်တိုင်းက အသုံးကျချင်မှ ကျတာပါ။ ကိုယ့်ဘဝကိုယ့်အကြောင်း ကိုယ်ပဲအကောင်းဆုံး နားလည်တာမို့၊ ကိုယ်ပဲ တာဝန်ယူရတာလေ။ မိမိအကြံဉာဏ်နဲ့ သုံးသပ်ဆုံးဖြတ်ပါ။

အသက် ၂၀ မှ ၅၅ နှစ်အတွင်း အရွယ်တွေအတွက် လေ့လာဖော်ပြချက်ပဲ။ ကိုယ်တိုင်သုံးသပ်ဆင်ခြင်၊ ကြိုက်တာယူ၊ မကြိုက်ရင် ပယ်ပါလေ။

အသက်အရွယ်အကြောင်း လေ့လာရင်း ရေးနေရင်းနဲ့ ထည့်သွင်းဖော်ပြသင့်တဲ့ ဆက်စပ်ရာအကြောင်းအရာတစ်ခု သတိပြုမိပါတယ်။ ကမ္ဘာကျော် လူသိများထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ယောက်အကြောင်း ဆိုပါတော့။ ကြားဖူးကြမှာပါ။ ဝါရင်းဘတ်ဖတ် (Warren Buffett) ဆိုတဲ့ ၁၉၃၀ ပြည့်နှစ် ဩဂုတ် ၃၀ ရက် မွေးဖွားခဲ့သူ ယခု အသက် ၈၃ နှစ် အရွယ် သန်းကြွယ်သူဌေးကြီးလေ။

ဝါရင်းဘတ်ဖတ် ပိုင်ဆိုင်ချမ်းသာတာဟာ အနည်းဆုံးသန်းထောင်ပေါင်း ၃၄၈ ဒသမ ၁၉ ဘီလီယံ ရှိနေပါတယ်။ ကမ္ဘာပေါ်မှာ သူ့ထက်ပိုပြီးချမ်းသာတဲ့ ဘုရင်တွေ၊ စော်ဘွားတွေ ရှိကောင်း ရှိမှာပါ။ သန်းကြွယ်သူဌေးတွေထဲမှာတော့ သူဟာအမေရိကန်နိုင်ငံမှာကော၊ ကမ္ဘာတစ်ဝန်းလုံးမှာကော သူ့ထက်ချမ်းသာသူရှိနေရင်တောင် လက်ချိုးရေလို့ရအောင် နည်းနည်းလေးပဲ ရှိနိုင်မှာပါ။ သူကတော့ ကမ္ဘာတစ်ခွင်လုံး အချမ်းသာဆုံးနဲ့ အသက်ရှည်ဆုံးသောသူဌေးကြီးပါ။

အသက် ဆယ်ကျော်သက်ကတည်းက သူဟာ အရောင်းအဝယ်လုပ်တယ်၊ ငွေစုတယ်၊ တိုးပွားအောင် စီးပွားရေးလုပ်တယ်။ နှစ်ပေါင်း ၈၀ စီးပွားရေး အလုပ်လုပ်ခဲ့တဲ့ ဘဝတစ်လျှောက် အကောင်းအဆိုး၊ အတက်အကျ အမျိုးမျိုးကျော်လွှားဖြတ်သန်းပြီး သန်းကြွယ်သူဌေးဘဝ ပန်းပန်လျက်ပဲဆိုတဲ့ သူ့ရဲ့စွမ်းရည်၊ အရည်အချင်းကလည်း လူသားတွေထဲမှာ ရှာမှရှားလူချွန်လူထူးတစ်ဦးပဲပေါ့။

သူဟာ ကိုယ့်အားကိုယ်ကိုး စီးပွားရှာခဲ့သူပါ။ ကုမ္ပဏီတွေ ငွေကြေးလုပ်ငန်းတွေ ဆောင်ရွက်ရင်း ပို၍ပို၍ စီးပွားတက်ခဲ့တယ်။ ဆက်ဆံရေးကောင်းတယ်။ လူချစ်လူခင်များတယ်။ စကားပြောကောင်းတယ်။ သူတစ်ဖက်သား လေးစားလက်ခံအောင် ဆွဲဆောင်ဆက်ဆံတတ်တယ်။ အသက် ၈၃ နှစ်ထိ သန်းကြွယ်သူဌေးကြီးဘဝကို ထိန်းထားနိုင်တဲ့ အရည်အသွေးက သာမန်ထက်ဆက်ဆံရေးအရည်အချင်း(E.Q)မြင့်လို့ပါ။

ဝါရင်းဘတ်ဖတ်က လူတော်၊ လူညံ့၊ လူကောင်း၊ လူယုတ်၊ သာမန်လူစသဖြင့် အသက် ၈၀ ကျော်အတွင်း လူအမျိုးမျိုးတွေ့ခဲ့၊ ကြုံခဲ့၊ ထိတွေ့ခဲ့ရဖူးတာပေါ့။ စိတ်နေစိတ်ထား ရင့်ကျက်ပြည့်ဝတဲ့ လူတွေလည်း သူ တွေ့ခဲ့ဖူးပါတယ်တဲ့၊ သူက လေးစားခဲ့ရတယ်။ ချီးကျူးတယ်။

သူက လေးစားချီးကျူးတဲ့ စိတ်ဓာတ်ကြံ့ခိုင် ရင့်ကျက်သူတွေရဲ့ လက္ခဏာဂုဏ်ရည်တွေက (၆) ချက်ရှိပါတယ်တဲ့။ ဝါရင်းဘတ်ဖတ် ပြောပြတာနော်-

၁။ ဒီလူတွေကကြိုးစားနေတယ်။ အချိန်မဖြုန်းဘူး။

၂။ အပြောင်းအလဲကို ပွေ့ဖက်တတ်တယ်။ စိန်ခေါ်သံကို လှိုက်လှိုက်လှဲလှဲကြိုဆိုကြတယ်။

၃။ ဘယ်အခြေအနေမှာ နေရနေရ ပျော်ပျော်ပဲ။ ကိုယ်မတတ်နိုင်တဲ့အရာတွေ၊ အရေးတွေကို တွေးပူမနေဘူး။ စိတ်ညစ်မခံဘူး။

၄။ သူတို့က ကြင်နာတတ်တယ်။ ကိုယ်ချင်းစာတရားရှိကြတယ်။ ပွင့်ပွင့်လင်းလင်းရှိတယ်။ မျှမျှတတ သဘောထားရှိတယ်။ စိတ်ထဲ မှန်တယ်ထင်တာကို ထုတ်ဖော်ပြောဖို့ ဝန်မလေးတတ်ဘူး။

၅။ ချင့်ချင့်ချိန်ချိန် သုံးသပ်တွက်ချက်ပြီးရင် သူတို့က စွန့်စားဖို့လည်း နောက်မတွန့်ဘူး။ ရဲရင့်တယ်။

၆။ အခြားသူတွေ အောင်မြင်ရင်လည်း ဝမ်းသာဂုဏ်ပြုနိုင်တယ်။ မခံချင်စိတ်၊ ခံပြင်းစိတ် မရှိဘူး။ မနာလိုစိတ် မဖြစ်တတ်ကြဘူး။

နိဂုံးအနေနဲ့ စာဖတ်သူ ဒီဆောင်းပါးဖတ်ပြီးရင် အမေရိကန် သန်းကြွယ်သူဌေး (၈၃ နှစ်အရွယ်) အဘိုးကြီးက လေးစားချီးကျူးခံရတဲ့ "စိတ်ထားရင့်ကျက်ကြံ့ခိုင်သူ" လူတစ်ယောက်ဖြစ်ချင်စိတ်မျိုး နည်းနည်းလေးမှမပေါ်မိဘူးလား။ ပေါ်စမ်းပါဗျာ အဲသလို လူကောင်းလူတော်တွေ ဦးရေများမှ တိုင်းပြည်လည်း ကြီးပွားတိုးတက်လာမယ်မဟုတ်လား။

**ဇော်လေး**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့



**ဘိုကလေး နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလအတွင်း ငါးရှဉ့် ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်မာဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးရှဉ့်ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချသည့် ငါးရှဉ့်များကို ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်က ဝယ်ယူမှုကောင်းနေသည်။

"အောက်တိုဘာလ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကိုဝယ်ယူမှုကောင်းခဲ့တယ်။ အရင်က အကြောင်းအမျိုးမျိုးကြောင့် ယာယီရပ်ထားခဲ့တဲ့ ပြည်ပငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာနဲ့ ပြည်ပက ငါးရှဉ့်ဝယ်ယူမှုကောင်းလာတာပါ။ အောက်တိုဘာလအတွင်း ပိဿာချိန် ၈၉၀၀၀ ထိ ရန်ကုန်ကို တင်ပို့ရောင်းချနိုင်ခဲ့တယ်။ ဘိုကလေးမြို့နယ်က ရရှိတဲ့ ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု ဒေါ်ခင်မာဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်၊ ထိုင်း၊စင်ကာပူနိုင်ငံတို့သို့ ပြန်လည်တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ်တွင် VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ညောင်ရွှေ နိုဝင်ဘာ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ပုံမှုကျေးရွာအုပ်စု သပြေကုန်း(အောက်)ကျေးရွာတွင် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာတို့ကို ကျေးရွာသို့ချပြရှင်းလင်းခြင်း၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဒေါ်မူစီ(ဒုတိယဦးစီးမှူး)က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ကျေးရွာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ကြရန် ပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

သပြေကုန်း(အောက်)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၈၅၂၆ ဧက စိုက်ပျိုးပြီးစီး

**ကလေးဝ နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး သီးနှံ ၁၈၅၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် မိုးစပါး ၁၈၅၂၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးဝမြို့နယ်မှာ မိုးစပါးဧက ၁၈၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ နည်းပညာတွေ ပံ့ပိုးပေးခြင်း၊ ပိုးမွှားရောဂါ မကျရောက်စေဖို့နဲ့ စပါးအထွက်တိုးစေရေးအတွက် အသိပညာပေး လုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးလာတဲ့အနေအထားမှာရှိပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ကလေးဝမြို့နယ်တွင် မိုးစပါးစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်လာရေးအသိပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် ရောမင်း၊ ဆင်းသုခ၊ ဆင်းကေရီ(၃)ပုလဲသွယ်၊ ရွှေဘိုပေါ်ဆန်းနှင့် ဒေသမျိုးစပါးများကို အဓိကထား၍ စိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)

# ညောင်လေးပင်မြို့နယ် ဝါးရုံကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးရုံကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ဝါးရုံကုန်းကျေးရွာ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက လမ်းရေရှည်တည်တံ့စေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ဝါးရုံကုန်းကျေးရွာ ကျေးရွာတွင်းလမ်း အရှည် ပေ ၅၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅၉ ဒသမ ၄ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မင်းတုန်းမြို့နယ် စမ်းကြီးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းတုန်း နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ စမ်းကြီးကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေတင်ပန့် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မင်းတုန်းမြို့နယ် စမ်းကြီးကျေးရွာ၌ အရှည် ပေ ၂၅၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၄၈၀ သွယ်တန်းခြင်းလုပ်ငန်းနှင့် ရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၇ ဒသမ ၅၅ သန်း အသုံးပြု၍ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် အောက်တိုဘာ ၂၈ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၁၅ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းအားလုံးပြီးစီးပါက စမ်းကြီးကျေးရွာရှိ အိမ်ခြေ ၁၄၀ မှ ပြည်သူများလူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ပြောပြ၍ သိရသည်။ **ကိုညို**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ဝတ်မှုန်ကူးသည့်သီချင်းများ

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

ရာမာယဏဇာတ်တော်ကြီး၌ ယိုးဒယားသီချင်းများကို အများဆုံးသီဆိုတီးမှုတ်ထားသည်ကို တွေ့ရသည်။ ဒီပါအေးမြနှင့် ဘုန်းများများမင်း နှစ်ပုဒ်သာ ပတ်ပျိုးအနေဖြင့်ရှိလေသည်။ ဤတွင် ယိုးဒယားသီချင်းဟူသည် အဘယ်နည်း။ မြန်မာတို့၏မဟာဂီတနယ်ပယ်တွင် ရောက်ရှိနေသော ယိုးဒယားသီချင်းများသည် ပုံတူကူးချသော (Copy) သီချင်းလားဟူ၍ ဆန်းစစ်စရာရှိလေသည်။ အမှန်မှာ ရှေးခေတ်ယိုးဒယားနိုင်ငံမှ ယိုးဒယားလူမျိုးများ သီဆိုတီးမှုတ်ကြသည်ကို နားထောင်ရင်း စိတ်ကူးစိတ်သန်းအသစ်တို့ရရှိလာရာမှ မြန်မာသံစဉ်၊ မြန်မာဆန်စွာ မြန်မာမှုပြုထားသောသီချင်းဖြစ်လေသည်။ မြန်မာသံစစ်စစ်တွင် ယိုးဒယားသံအသံဝဲဝဲလေးများထည့်၍ သီဆိုထားခြင်းဖြင့် နားသောတကို ဂုဏ်မြောက်စေခြင်းသာဖြစ်သည်။

သီချင်းစာသားသည် မြန်မာ့ရေမြေ၊ တောတောင်သဘာဝနှင့် လူနေမှုစနစ်ကို ထင်ဟပ်ထားပေသည်။ ထို့ပြင် မြန်မာအကနှင့် လိုက်လျောညီထွေဖြစ်ရန်လည်း သီကုံးဖွဲ့နွဲ့ထားလေသည်။ ထို့ကြောင့် ယိုးဒယားသီချင်းသည် မြန်မာစာပေအရ လေးနက်သကဲ့သို့ မြန်မာအကကိုလိုက်ဖက်စေသဖြင့် မဟာဂီတနယ်ပယ်တွင် ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ ထိုအကြောင်းကို ပိုမိုခိုင်မာစေရန်အတွက် ဆရာသန့်လျှင်မြဦးက သူ၏(စာပေဗိမာန်နှင့်အမျိုးသားစာပေဆုရ) "ပန်တျာဂီတလမ်းညွှန်"စာအုပ်၊ စာမျက်နှာ ၈၇ ၌ "၁၉၅၂-၁၉၅၃ ခုနှစ်ခန့်က ပန်တျာဂီတပညာတီးခေါက်မိသော မြန်မာနိုင်ငံဆိုင်ရာ ယိုးဒယားသံအမတ်ကြီး၏ ဖိတ်ကြားချက်အရ သံအမတ်ကြီးနေအိမ်သို့ ရန်ကုန်ပန်တျာကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးတစ်ဦးအနေဖြင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့စဉ်က မြန်မာဘာသာဖြင့် ခေါ်ဝေါ်သုံးစွဲနေကြသည့် အထက်ပါ ယိုးဒယားသီချင်းအမည်များနှင့်ပတ်သက်၍ ယိုးဒယားဘာသာစကားဟုတ်၊ မဟုတ် စုံစမ်းမေးမြန်းကြည့်ရာ မှတ်မိသလောက် "ဖရင်းချား" ဝေါဟာရမှအပ ကျန်ယိုးဒယားဝေါဟာရများမှာ ယိုးဒယားဘာသာစကားမဟုတ်ကြောင်း စုံစမ်းသိရှိခဲ့ရသည်။ သံအမတ်ကြီးကို ယိုးဒယားသီချင်းများ တီးမှုတ်ပြသည့်အခါ၌လည်း သီဆိုသူ၏အသံအရစ်အဝဲများမှတစ်ပါး၊ သီချင်းအလိုက်တေးသွားများမှာ ယိုးဒယားသီချင်းအစစ်များနှင့် လုံးဝမတူညီသည့်အပြင် ယိုးဒယားသီချင်းတစ်ပုဒ်အနေဖြင့် အကဲခတ်၍မတူကြောင်း သံအမတ်ကြီးက ပြောဖူးသည်။

ထို့ကြောင့် မြန်မာစာဆိုတော်ကြီးများ စပ်ဆိုသီကုံးခဲ့သော မြန်မာ-ယိုးဒယားသီချင်းများမှာ ယိုးဒယားသီချင်းများ၏ အလိုက်တေးသွားများ သို့မဟုတ် ယိုးဒယားကြေးတီးချက်(ကြေးသွား)နှင့် ယိုးဒယားနဲ့မှုတ်ချက်(နဲ့သွား) တေးသွားများကို တိုက်ရိုက်ပုံတူကူးယူ၍ စပ်ဆိုခဲ့သည့်သီချင်းမဟုတ်ကြောင်း ဖော်ပြထားလေသည်။ ထို့ကြောင့် ယိုးဒယားသီချင်းဟူသည် အမည်နာမ ယိုးဒယားဟုသုံးစွဲငြား မြန်မာသီချင်းများသာဖြစ်ကြောင်း သတိပြုရပေမည်။

ရာမာယဏ၏ရေရှည်တည်မြဲမှုသည် မဟာဂီတနှင့် ဆက်နွယ်ပတ်သက်မှုရှိနေသဖြင့် ရာမာယဏနှင့် မဟာဂီတမှာ အမြဲတံကဲပြုနေကြသူများဖြစ်ပေသည်။ ရာမာယဏလာဇာတ်ဝင်တေးများ၊ တီးလုံး၊ တီးကွက်များကို အများဆုံးရေးသားသူတို့မှာ မြဝတီမင်းကြီးနှင့် ပြင်စည်ပင်မင်းသားတို့ပင်ဖြစ်လေသည်။ သမိုင်းအရ ထိုပုဂ္ဂိုလ်နှစ်ဦးသည် ယိုးဒယားဘာသာမှ မြန်မာဘာသာသို့ တျာတေတျောဟူ၍ စီရင်ရေးသားခဲ့သည်ဟုဆိုပါသည်။

ရာမာယဏလာယိုးဒယားသီချင်းများကို မှတ်ရလွယ်ကူခြင်းငှာ လင်္ကာပြုလုပ်ထားသည်ကို တွေ့ရသည်။ ၎င်းမှာ-

"ရွှေနှင်းတောမြိုင်
ပန်းခိုင်မော့်မှိုင်း
(ခြားပိုင်းရှစ်သံ)
ဖရံတင်(ညွှန့်)
ခက်မွန်ခမိန်
ထနောက်(ချိန်သား)

**❖ မြန်မာစာဆိုတော်ကြီးများ စပ်ဆိုသီကုံးခဲ့သော မြန်မာ-ယိုးဒယားသီချင်းများမှာ ယိုးဒယားသီချင်းများ၏ အလိုက်တေးသွားများ သို့မဟုတ် ယိုးဒယားကြေးတီးချက်(ကြေးသွား)နှင့် ယိုးဒယားနဲ့မှုတ်ချက်(နဲ့သွား) တေးသွားများကို တိုက်ရိုက်ပုံတူကူးယူ၍ စပ်ဆိုခဲ့သည့်သီချင်းမဟုတ်ကြောင်း ဖော်ပြထားလေသည်။ ထို့ကြောင့် ယိုးဒယားသီချင်းဟူသည် အမည်နာမ ယိုးဒယားဟုသုံးစွဲငြား မြန်မာသီချင်းများသာဖြစ်ကြောင်း သတိပြုရပေမည်။ ❖**

ဖရင်းချားထပ်တွန့်
ချွတ်ချုံငုငစ်
အသံရှစ်၊ မှတ်လစ်စဉ်ကမ္ဘာ"ဟူ၍ ဖြစ်လေသည်။

ထိုလင်္ကာအရ ပထမစာနှစ်ကြောင်းမှာ သီချင်းအစချီများဖြစ်ကြပြီး လေးကြောင်းမြောက်မှ ရှစ်ကြောင်းမြောက်ထိ ယိုးဒယားအာဘော်များဖြစ်ပေသည်။ ပြန့်ခွဲကြည့်ပါက အောက်ပါအတိုင်း တွေ့နိုင်ပေသည်။

| စဉ် | မြန်မာသီချင်းအစ | ယိုးဒယားသီချင်း |
|---|---|---|
| ၁။ | (ရွှေ) ရွှေတညာ | ဖရံတင် |
| ၂။ | (နှင်း)နှင်းယွန်းခါဟေမန် | ခက်မွန် |
| ၃။ | (တော)တောတောင်စွယ် | ခမိန် |
| ၄။ | (မြိုင်)တောမြိုင်ခြေလမ်း | ထနောက် |
| ၅။ | (ပန်း)ပန်းမြိုင်လယ် | ဖရင်းချားကြီး |
| ၆။ | (ခိုင်)ခိုင်ပန်းစုံ | ထပ်တွန့် |
| ၇။ | (မော့်)မော့်ရှုံဟေဝန် | ချွတ်ချုံ |
| ၈။ | (မှိုင်း)မှိုင်းမှုန်ပြာညို | ငုငစ် |

ဤသီချင်းရှစ်ပုဒ်ကို သီဆိုတီးမှုတ်နိုင်ပါက ယိုးဒယားသီချင်းများကို အခြေခံတတ်ကျွမ်းပြီဟု ဆိုကြလေသည်။ ယိုးဒယား ၁၂ ခန်းဟုဆိုကြရာ ကျန်လေးခန်းကိုရှာဖွေပါက အထက်လင်္ကာနောက်၌ (လွမ်း၊ ဆန်း၊ စိန်၊ ဝေကျလေတွေ၊ ပေါင်းလေ ၁၂ ခန်း) ကို ဆက်လက်လေ့လာရမည်ဖြစ်လေသည်။ ထို့ကြောင့်-

| စဉ် | မြန်မာသီချင်းအစ | ယိုးဒယားသီချင်း |
|---|---|---|
| ၁။ | (လွမ်း)လွမ်းပုံအောင် | ချူးခြား |
| ၂။ | (ဆန်း)ဆန်းနွေဦး | ကပိ |
| ၃။ | (စိန်)စိန်ခြယ်ညီးလင်း | အလေ့မေ့ |
| ၄။ | (ဝေ)ဝေဇယန္တာ | မဟိရ်သီ |

သို့သော်လည်း

| စဉ် | မြန်မာသီချင်းအစ | ယိုးဒယားသီချင်း |
|---|---|---|
| ၁။ | ပန်းဟေဝန် | ဖရင်းချားကလေး |
| ၂။ | မြိုင်ဟေမာကန္တာလမ်း | ခမွန် |
| ၃။ | တောမြိုင်စွန်းက | ကရောင်း |

တို့မှာလည်း ရာမာယဏလာယိုးဒယားသီချင်းများဖြစ်လေသည်။ ဆန်းနွေဦးမှာ ယခုနောက်ပိုင်းမှသာ ဇာတ်ဝင်အဖြစ်တီးကြသည်။ စိန်ခြယ်ညီးလင်းမှာ ရာမဇာတ်ဝင်သီချင်းမဟုတ်ချေ။

သက္ကရာဇ် ၁၂၀၃ ခုနှစ်၌ ရွှေဘိုမင်းရန်ကုန်သို့ စုန်လာပြီးသည့်နောက်ဝယ် ရွှေတိဂုံစေတီတော် အနောက်တောင်ဘက်တွင် ယာယီတဲနန်းဆောက်လုပ်၍ ငါးလကျော်မျှ စံနေတော်မူခဲ့လေသည်။ ထိုစဉ်က မြဝတီမင်းကြီးနှင့်တကွ နောက်ပါခြွေရံများသည် အမရပူရနေပြည်တော်ကို လွမ်းဆွတ်သတိရတမ်းတလှသဖြင့် တစ်ကြောင်း၊ ဥက္ကလာပ(ရန်ကုန်)မှ အမရပူရသို့ ပြန်လိုလှသည်တစ်ကြောင်း ဤအကြောင်းများဖြင့် စိန်ခြယ်ညီးလင်းအစချီ ယိုးဒယား(အလေ့မေ့)ကို ရေးသည်ဟုဆိုပါသည်။ ထို့ကြောင့် ဤသီချင်းသည် ယိုးဒယား ၁၂ ခန်း၌ဝင်ငြား ရာမဇာတ်တော်နှင့် ပတ်သက်မှုမရှိပြန်ပါချေ။

သီချင်းများအနက် ဖရင်းချားကြီးပန်းမြိုင်လယ်နှင့် ဖရင်းချားကလေးပန်းဟေဝန်တို့မှာ တစ်ပုဒ်တည်းဟု မဟာဂီတပညာရှင်တို့က ဆိုကြပါသည်။ ပန်းမြိုင်လယ်ကအပြည့်ဆိုသောသီချင်းဖြစ်လေသည်။ ပန်းဟေဝန်က အကျော်အလွှားစည်းထိပ်၊ ဝါးထိပ်၊ အဝင်၊ အထွက်ဆိုသောသီချင်းဖြစ်လေသည်။ ထို့ကြောင့် ယိုးဒယား ၁၂ ခန်း၌ ပန်းမြိုင်လယ်နှင့် ပန်းဟေဝန်ကို တစ်ခုတည်းအနေဖြင့် ယူကြလေသည်။

ရာမာယဏဇာတ်တော်၌ ဖော်ပြပါယိုးဒယားသီချင်းကို သူနေရာနှင့်သူ အံဝင်အောင်တီးမှုတ်ခဲ့ကြလေသည်။ သို့သော်လည်း ယနေ့အချိန်အခါ၌ ရာမဇာတ်တော် ကပြချိန်ဝယ် ဘိုးတော်၊ ရာမ၊ လက္ခဏ၊ သီတာတို့ထွက်လာလျှင် ပန်းမြိုင်လယ် သို့မဟုတ် ပန်းဟေဝန်သီချင်းကို တီးမှုတ်ကြလေသည်။ ထို့ပြင် ရုံဖန်ရုံခါ၌ လွမ်းပုံအောင်သီချင်းလည်း ပါဝင်လေသည်။ မျောက်များထွက်လာလျှင်မူ ကြို့ညိုစံရာအစချီ ယိုးဒယား၊ ဘီလူးထွက်လာလျှင် ကရောင်းတီးချက်နှင့်အတူ တောမြိုင်စွန်းအစချီ ယိုးဒယား၊ ရာမသမင်လိုက်ခန်းတွင် မော့်ရှုံဟေဝန်အစချီ ယိုးဒယားတို့ကို တီးမှုတ်ကြလေသည်။ ကရောင်းတီးလုံးတီးသည်ကို မြန်မာတို့က ကရောင်းရိုက်သည်ဟု ခေါ်ကြသည်။ မြန်မာအခေါ် "စည်တို"၊ ယိုးဒယားအခေါ် "ကရောင်းဘတ်"ကိုရိုက်၍ တီးရာမှ ကရောင်းရိုက်သည်ဟု ဆင်းသက်လာခြင်းဖြစ်သည်။ ရာမဇာတ်၌ မျောက်ထွက်လာလျှင် သိုင်းရေးပြတီးလုံးပါရလေသည်။ ထိုသိုင်းရေးပြတီးလုံးကို "ကပိ"ဟု ခေါ်ဝေါ်ကြသည်။ နန်းဘုံသီဟာဇွေယိုးဒယားသီချင်းမှာလည်း "ကပိ"ဟုဆိုထားသည်။ တေးသွားတူညီသည့်သဘောဟု မှတ်ယူနိုင်သည်။

မြန်မာပရိသတ်တို့သည် ရာမဇာတ်တော်က သမားစဉ်ဆန်ဆန်သတ်မှတ်ထားသည့် ဇာတ်ဝင်သီချင်းတို့ကို နှစ်သက်ကြဟန်တူသည်။ သီချင်းနှင့် ဇာတ်ရုပ်လှုပ်ရှားမှုတို့ကိုလည်း တွဲလျက်မှတ်မိနေကြသည်။ ထို့ကြောင့် မျောက်စစ်သည်များ စစ်ချီစစ်တက်ခန်းများ၌ လောကနတ်သံကိုတီးသည့်နှယ် မြန်မာဇာတ်တို့၏ စစ်ချီစစ်တက်ခန်းများ၌ လောကနတ်သံကို တီးစေသည်။ မျောက်ကိုမြင်ပါက "ကြို့ညိုစံရာ" သီချင်းကိုပင် လိုက်ဆိုပေးနေကြသည်။

ခမည်းတော်က သားတော်များကို မြိုင်ရပ်နှင်သည့်အခန်းမျိုး ( ဥပမာ- ပဒုမပေါင်တိုဇာတ်၌ ခမည်းတော်က သားတော်ခုနစ်ပါးကို တောအရပ်နှင်သည့်အခန်းမျိုး။ အာရုံငါးပါးကိုပြဆိုသည့် တေလပတ္တဇာတ်တော်၌ ခမည်းတော်က သားတော်ကို တိုင်းပြည်မှထွက်ခွာစေသည့်အခန်းမျိုး)၌ ပန်းမြိုင်လယ်သီချင်းမှ "ဘုံရွှေနန်းငယ်သည်ဝယ်. . . . ." သီချင်းအပိုဒ်ကို သီဆိုတီးမှုတ်ပေးလျှင် ရင်၌နင့်အောင်ခံစားရသည်ဟု ပြောကြသည်။ ထိုသီချင်းအပိုဒ်ကိုပင် နှဲကြီးဖြင့်မှုတ်သံကိုကြားရရုံဖြင့် ပရိသတ်၏မျက်ရည်ကို ကဲ့ယူနိုင်သည် ထိစွမ်းလေသည်။ ဇာတ်ဝင်ခန်း၌ ညီတော်မှ အစ်ကိုတော်ကိုတောင်းပန်ခန်းမျိုး၌ ပန်းမြိုင်လယ်သီချင်းမှပင် "စုံဆယ်ဖြာ၊ ပန်ထွာဦးတင်. . . . ."သီချင်းအပိုဒ်ကိုတီးကြမှ မြန်မာပရိသတ်က နှစ်သက်ကြသည်။

ဆိုရပါမူ ယိုးဒယားသီချင်းမည်တွင်သည့်သီချင်းတို့သည် ရာမဇာတ်ထွက်သက်သက်မဟုတ်တော့ဘဲ မြန်မာ့ဇာတ်သဘင်စင်မြင့်သို့တိုင် တက်လှမ်းနိုင်ခဲ့သည်ဟုပြောနိုင်သည်။ ခိုင်ခံ့စွာရပ်တည်နေသော ရာမဇာတ်ဖြည့်သီချင်းများသည် မြန်မာဇာတ်သဘင်သို့ ဝတ်မှုန်ကူးနိုင်ခြင်းကပင် တစ်ဖက်အမြင်ကြည့်ပါက မဟာဂီတကို ထိန်းသိမ်းရာရောက်နေပေတော့သည်။ သီချင်းဂီတဟူသည် နှလုံးသားချင်းနီးစပ်ပါက ဝတ်မှုန်ကူးခြင်းသည် ထူးထွေဆန်းပြားသည့်အကြောင်းအရာမဟုတ်ကြောင်း လက်ခံမိနေပါတော့သည်။

**ကိုးကား**

– **ရွှေနန်းသုံးမဟာဂီတပေါင်းချုပ် (ဦးအုန်းခင်နှင့်အဖွဲ့)**

## စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် တံတားတည်ဆောက်မှု စစ်ဆေး

**စလင်း နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် တံတားတည်ဆောက်မှုကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်စုစန္ဒာနှင့် အင်ဂျင်နီယာများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တာဝန်ယူဆောင်ရွက်သော တော်ဝင်ထွန်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်တွင် ကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ Pipe Curvet တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးအရာရှိ (နည်းပညာ) ဒေါ်စုစန္ဒာက လုပ်ငန်းများ သတ်မှတ်ချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

လက်ပကန်ကျေးရွာ၌ အရှည် သုည ဒသမ ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အရှည်ပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်ပေရှိ ကွန်ကရစ်တံတား တစ်စင်းတည်ဆောက်ခြင်း၊ Pipe Curvet တစ်စင်း တည်ဆောက်ခြင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် တော်ဝင်ထွန်းကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လတတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **သန်းသန်းမိုး**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ရွှေဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၃၀၀၀၀၀ ကျပ်

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၃၀၀၀၀၀ ကျပ်

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၅၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၄၀၀၀၀၀ ကျပ်
(၃) တတိယဆု ၃၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၂၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၁၅၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၀၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၀၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၀၀၀၀၀ ကျပ်

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၇၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၅၀၀၀၀၀ ကျပ်
(၃) တတိယဆု ၄၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၃၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၂၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၅၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၅၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၅၀၀၀၀ ကျပ်

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၆၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၅၀၀၀၀၀ ကျပ်
(၃) တတိယဆု ၄၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၃၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၂၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၅၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၅၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၅၀၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၃၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၂၀၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၂၀၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၂၀၀၀၀၀ ကျပ်

**ပြိုင်ပွဲကျင်းပရေးကော်မတီ**


## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန်စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPTအတွက် *601#၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Websiteတို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# မန်ဒဲလာကောင်တီတွင် ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် လူသုံးဦးထက်မနည်းသေဆုံးပြီး လူထောင်နှင့်ချီ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**နိုင်ရိုဘီ နိုဝင်ဘာ ၆**

ကင်ညာနိုင်ငံ မန်ဒဲလာကောင်တီ မန်ဒဲလာမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားသဖြင့် ဒေသခံ သုံးဦးထက် မနည်းသေဆုံးခဲ့ပြီး လူထောင်နှင့်ချီ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း မန်ဒဲလာကောင်တီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူများမှာ မန်ဒဲလာမြို့ တောင်ဘက်ပိုင်းရှိ အယ်ဝက်ခ်ဧရိယာတွင် နေထိုင်သောဒေသခံများဖြစ်ကြောင်း၊ သေဆုံးသူသုံးဦးတွင် တစ်ဦးမှာ အသက် ၈၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး ကျန်နှစ်ဦးမှာ ကျောင်းနေအရွယ် ကလေးငယ်များဖြစ်ကာ စာမေးပွဲဖြေဆိုမှုအပြီး နေအိမ်သို့ပြန်ရာတွင် ရေစီးနှင့်အတူ မျောပါသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် အယ်ဝက်ခ်ဧရိယာမှာ လူသုံးယောက်သေဆုံးမှုဖြစ်ပွားခဲ့ပါတယ်။ မန်ဒဲလာမြို့အပါအဝင် အခြားမြို့နှစ်မြို့လဲ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရပါတယ်။ ကောင်တီတစ်ခုလုံး အတိုင်းအတာနဲ့ ရေဘေးဒဏ်သင့်နေတဲ့ နေအိမ် ၅၀၀၀ လောက်ထိ ရှိနေတယ်။ အကူအညီလိုအပ်နေတဲ့ မိသားစုက ၃၁၁၃ စုထိ ရှိနေပါတယ်"ဟု မန်ဒဲလာကောင်တီ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မန်ဒဲလာကောင်တီရှိ မန်ဒဲလာမြို့အပါအဝင် အခြားသောမြို့နှစ်မြို့တွင်လည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး မန်ဒဲလာကောင်တီတွင် ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရသည့်မိသားစုပေါင်း ၄၉၂၅ စု ရှိနေကာ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော မိသားစုပေါင်း ၁၈၁၂ စုထိ ရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ရေးဟားဆိုက်ကောင်တီ တောမီးလောင်ကျွမ်းမှု ရာနှုန်းပြည့်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေ

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ရေးဟားဆိုက်ကောင်တီတွင် အောက်တိုဘာ ၃၁ ရက်မှစ၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားဖြင့် ရက်သတ္တပတ်ခန့်အကြာ ငြိမ်းသတ်ခဲ့ပြီးနောက် လာမည့် ၄၈ နာရီအတွင်း တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ရန်ကြိုးပမ်းနေကြောင်း ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်တပ်ဖွဲ့ (CalFire)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၃၄၀၀ ကျော်ထိ လောင်ကျွမ်းပျက်စီးခဲ့ပြီး နိုဝင်ဘာ ၅ ရက်မှစ၍ အမှတ် (၇၉) နှင့် အမှတ် (၃၁၇) အဝေးပြေးလမ်းမကြီးအနီးတွင် လောင်ကျွမ်းနေသည့်တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ်မီးသတ်တပ်ဖွဲ့(CalFire)က အတည်ပြုခဲ့သည်။

"ရေးဟားဆိုက်ကောင်တီမှာ လောင်ကျွမ်းနေတဲ့ တောမီးကို စတင် ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ လာမဲ့ ၄၈ နာရီအတွင်း တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ဖို့ကြိုးပမ်းနေပါတယ်။ တောမီးလောင်ကျွမ်းမှုပြဿနာနဲ့ အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရတဲ့ အဝ္ဂမ်ဂါဧရိယာမှာ တောမီးကို ၉၀ ရာခိုင်နှုန်းထိ ထိန်းချုပ်နိုင်ပြီဖြစ်သလို အမှတ်(၇၉)နဲ့ အမှတ်(၃၁၇)အဝေးပြေးလမ်းမကြီး အနီးမှာလောင်ကျွမ်းနေတဲ့ တောမီးလောင်ကျွမ်းမှုကိုလဲ စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်တော့မှာဖြစ်ပေမဲ့ ပူပြင်းခြောက်သွေ့တဲ့ရာသီဥတုကြောင့် တောမီးအန္တရာယ်ကို အထူးသတိထားရအုံးမှာ ဖြစ်ပါတယ်"ဟု ကယ်လီဖိုးနီးယားပြည်နယ်မီးသတ်တပ်ဖွဲ့ (CalFire) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့သော သစ်တောမြေများထဲတွင် အဝ္ဂမ်ဂါဧရိယာမှ အများဆုံးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# နိုင်ဂျီးရီးယားနိုင်ငံတွင် ဘောလုံးကစားနေသော ကျောင်းသားသုံးဦး မိုးကြိုးထိမှန်သေဆုံး

**အဘူဂျာ နိုဝင်ဘာ ၆**

နိုင်ဂျီးရီးယားနိုင်ငံ အန်နာဘရာပြည်နယ်တွင် ပုဂ္ဂလိကကျောင်းတစ်ကျောင်း၏ ဘောလုံးကွင်းအတွင်း ကျောင်းသားများ ဘောလုံးကစားနေစဉ် မိုးကြိုးပစ်မှုကြောင့် ဘောလုံးကစားနေသော ကျောင်းသားကိုးဦးအနက် သုံးဦး သေဆုံးခဲ့သည်ဟု ဒေသန္တရအာဏာပိုင်များက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ အန်နာဘရာပြည်နယ် အော်ပူနီခရိုင်ရှိ ပုဂ္ဂလိက အလယ်တန်းကျောင်းတစ်ကျောင်းတွင် ကျောင်းသားများသည် နိုဝင်ဘာ ၄ ရက် ညနေပိုင်းက ကျောင်းဘောလုံးကွင်းအတွင်း ဘောလုံးကစားနေစဉ် လေပြင်းတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်းတို့နှင့်အတူ မိုးကြိုးပစ်မှုကြောင့် ကျောင်းသားကိုးဦး ထိမှန်ခဲ့ကြောင်း၊ မျက်မြင်သက်သေများ၏ ပြောကြားချက်များအရ အဆိုပါကျောင်းသားများသည် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲအတွက် ကျောင်းကိုယ်စားပြု လေ့ကျင့်လျက်ရှိသော ကျောင်းသားများ ဖြစ်ကြောင်း၊ မိုးကြိုးထိမှန်ခဲ့သော ကျောင်းသားကိုးဦးကို ဆေးရုံသို့ ပို့ဆောင်ကုသခဲ့သော်လည်း ကျောင်းသားခြောက်ဦးကိုသာ ကယ်တင်နိုင်ခဲ့ပြီး သုံးဦးမှာ သေဆုံးခဲ့ကြောင်း သိရသည်။



"ကျောင်းသားလေးတွေက ဘောလုံးပြိုင်ပွဲအတွက် သူတို့နည်းပြနဲ့အတူ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ လေ့ကျင့်နေကြတာပါ။ လေပြင်းတိုက်ပြီး မိုးရွာနေလို့ နည်းပြက ခဏရပ်ခိုင်းထားပေမဲ့ အခုမိုးကြိုးထိမှန်တဲ့ ကျောင်းသားတချို့က ဘောလုံးဆက်ကစားနေခဲ့တာပါ"ဟု ကျောင်းတာဝန်ခံဆရာမတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ကျောင်းတာဝန်ရှိသူများအနေဖြင့် ရဲတပ်ဖွဲ့ကို သတင်းပို့ရန်ပျက်ကွက်ခဲ့သည့်အတွက် စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိ တော့ချူကူအိုင်ကန်ဂါက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : AZH**

# အိန္ဒိယနိုင်ငံက နီပေါမြေငလျင်ဒဏ်သင့်ပြည်သူများအတွက် ဆေးဝါးများနှင့် အခြားအထောက်အကူပြုပစ္စည်းများပံ့ပိုး

**နယူးဒေလီ နိုဝင်ဘာ ၆**

အိန္ဒိယနိုင်ငံက နီပေါငလျင်ဒဏ်သင့်ပြည်သူများအတွက် ဆေးဝါးပစ္စည်းများ၊ ယာယီရွက်ဖျင်တဲများ၊ မိုးကာစများ၊ စောင်များနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို နိုဝင်ဘာ ၅ ရက်က ကူညီပံ့ပိုးပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယအစိုးရမှ သံတမန်စီရီဗက်စတာဗာက အိန္ဒိယလေတပ်မှ Air Force C-130 လေယာဉ်ဖြင့် ပေးပို့လိုက်သောကူညီပံ့ပိုးပေးရေးပစ္စည်းများနှင့်အတူ နီပေါနိုင်ငံ နီပေါဂန်မြို့သို့ ရောက်ရှိလာခဲ့ပြီး နီပေါကာကွယ်ရေးဝန်ကြီးက အိန္ဒိယသံတမန်ကိုကြိုဆိုကာ ပံ့ပိုးရေးပစ္စည်းများကို လက်ခံရယူခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံက ကူညီပံ့ပိုးပေးလိုက်သော ပစ္စည်းစုစုပေါင်း၏ တန်ချိန်မှာ ၁၁ တန်ထိရှိခဲ့ကြောင်း သိရသည်။

"အိန္ဒိယလေတပ်က အထူးလေယာဉ်ဖြစ်တဲ့ Air Force C-130 လေယာဉ်နဲ့ အိန္ဒိယအစိုးရက နီပေါငလျင်ဒဏ်သင့်ပြည်သူတွေကို ပံ့ပိုးပေးဖို့ ပစ္စည်းတွေပေးပို့လိုက်ပါတယ်။ ပံ့ပိုးရေးပစ္စည်းတန်ချိန်ဟာ ၁၁ တန်ထိရှိပြီး ဆေးဝါးပစ္စည်းတွေ၊ ယာယီရွက်ဖျင်တဲတွေ၊ မိုးကာတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထောက်အကူဖြစ်စေမဲ့ ပစ္စည်းတွေပါဝင်ပါတယ်။ ဝန်ကြီးချုပ်မိုဒီရဲ့ အိမ်နီးချင်းနိုင်ငံတွေပေါ်မှာ ပြုမူရမဲ့မူဝါဒတွေအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်"ဟု နီပေါနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နီပေါနိုင်ငံတွင် နိုဝင်ဘာ ၃ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် လူ ၁၅၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူဦးရေ ၂၅၀ ထက်မနည်းရှိခဲ့ကြောင်း၊ ငလျင်ကြောင့် နေအိမ်အမြောက်အမြားပျက်စီးခဲ့ရပြီး ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကာ ယာယီကယ်ဆယ်ရေး စခန်းများတွင် ရွှေ့ပြောင်းနေထိုင်ခဲ့ကြရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# Heilongjiang ပြည်နယ်တွင် နှင်းမုန်တိုင်းတိုက်ခတ်ခဲ့သဖြင့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရပြီး ကျောင်းများကိုလည်း ပိတ်ထားရ

**ပေကျင်း နိုဝင်ဘာ ၆**

တရုတ်နိုင်ငံ၏ မြောက်ဘက် အကျဆုံးပြည်နယ်တစ်ခုဖြစ်သော Heilongjiang ပြည်နယ်တွင် ယနေ့နံနက်အစောပိုင်းက နှင်းမုန်တိုင်းတိုက်ခတ်ခဲ့သဖြင့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရပြီး ကျောင်းများကိုလည်း ပိတ်ထားရကြောင်း ယနေ့သတင်းများအရ သိရသည်။

လေပြင်းတိုက်ခတ်မှုနှင့်အတူ နှင်းများ အဆက်မပြတ်ကျဆင်းမှုကြောင့် Heilongjiang ပြည်နယ်မြို့တော်ဟာဘင်ရှိ လေကြောင်းခရီးစဉ် ၄၉ ခုကို ဖျက်သိမ်းခဲ့ရပြီး မြို့တော်အတွင်းရှိ အစိုးရကျောင်းများနှင့် ကျောင်းပြင်ပလေ့ကျင့်ရေးကျောင်းများအားလုံးကို ပိတ်ထားရသည်ဟု အစိုးရ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားကြောင်း၊ လာမည့်ရက်များအတွင်း အပူချိန်သိသိသာသာကျဆင်းနိုင်ဖွယ်ရှိပြီး ပြည်နယ်အတွင်းရှိ မြို့အများအပြားတွင် နှင်းမုန်တိုင်းများ ဆက်လက်ဖြစ်ပေါ်နိုင်သည်ဟု နိုင်ငံပိုင်မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

အဆိုပါပြည်နယ်အတွင်း နိုဝင်ဘာ ၅ ရက်က မိုးလေဝသဆိုင်ရာ အနီရောင် သတိပေးချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး မြို့အများအပြားတွင် မိုးရွာသွန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်ဟုလည်း သတိပေးချက်ထုတ်ပြန်ခဲ့သေးသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံမြောက်ပိုင်းဒေသများတွင် မီးခိုးမြူဖုံးလွှမ်းမှုဖြစ်ပေါ်ခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလသည် ဆယ်စုနှစ်များအတွင်း ဒုတိယအပူဆုံး အောက်တိုဘာလအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း၊ ယခုအခါ အပူချိန်များ သိသိသာသာ ကျဆင်းလျက်ရှိရာ ပြည်နယ်အများအပြားတွင် အပူချိန် ၆ ဒီဂရီစင်တီဂရိတ်မှ ၁၀ ဒီဂရီစင်တီဂရိတ်ထိကျဆင်းနိုင်ပြီး အချို့ဒေသများတွင် ၁၆ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းနိုင်ကြောင်း ဗဟိုမိုးလေဝသစောင့်ကြည့်လေ့လာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**Ref : Xinhua News**
**Trs : AZH**

# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)



အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

## နဲ့ ဖြည့်စွမ်းထား . . .

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

## ဝန်ထမ်းအလိုရှိသည်

(၁) **Photoshop အခြေခံကျွမ်းကျင်** (၂)ဦး

(၂) **Delivery** (၂)ဦး

လျှောက်ထားလိုသူများသည် စာရွက်စာတမ်းအပြည့်အစုံနှင့်တကွ (၁)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် → **King Color Separation**
၃၆လမ်း၊ ၈၄ × ၈၅လမ်းကြား၊မန္တလေး။
ဖုန်း → ၀၉-၉၇၀၀၀၉၇၃၂

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်နေ ဦးစိန်ဝင်း-ဒေါ်ခင်ဝင်း တို့၏သမီး **မသင်းသင်းမာ (၉/မစစ(နိုင်)၀၂၃၁၇၇)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်ပြီး နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးစိန်ဝင်း (၉/မနတ(နိုင်)၀၉၀၄၄၃)**
**ဒေါ်ခင်ဝင်း (၉/မနတ(နိုင်)၀၉၀၄၄၂)**

ဆရာမကြီး ဒေါ်ခင်ပို
ဩ/သု ၂၄၇/၇၆၊ တဆ-၅၁၉၇
ဝေစည်(ရွှေဘို)၏
**"ကင်ဆာရောဂါပျောက်ကင်းချမ်းသာစေဖို့ ဆောင်းပါးများ"** စာအုပ်
ဆိုင်ပေါ်ရောက်ပါပြီ။
ရန်ကုန် → အလင်းရောင်စာပေ၊ ပန်းဆိုးတန်း
မန္တလေး → နဂါးစာပေ၊ ထွန်းဦးစာပေ

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ်**
**အောက်တွင် ခံခွက် မမေ့နှင့်**

"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး၊ သွင်းကုန်တင်သွင်းသည့်နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာရေး၊ တစ်ဦးချင်းဝင်ငွေများ မြင့်တက်လာရေးတို့အတွက် ဌာန၊ အဖွဲ့အစည်းအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလို . . .

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာကော်မရှင်(၁/၂၀၂၃)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

စာမျက်နှာ - ၁၈

# မန္တလေးပညာရေးဒီဂရီကောလိပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အထက်မြန်မာပြည် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက မန္တလေးပညာရေးဒီဂရီကောလိပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အထက်မြန်မာပြည် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**မန္တလေး၊ နိုဝင်ဘာ ၆**

မန္တလေးပညာရေးဒီဂရီကောလိပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အထက်မြန်မာပြည်ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် ပညာရေးဒီဂရီကောလိပ်အသီးသီးမှ ကျောင်းအုပ်ကြီးများ၊ **စာမျက်နှာ ၂၂ ကော်လံ ၁** ☆

**တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၂၂



**၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေးကြေညာ**

စာမျက်နှာ - ၂၁


OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar